မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

ချမ်းသာကို ဆောင်ရွက်တတ်၏

အလွန့်အလွန် မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သောစိတ်သည် ချမ်းသာကို ဆောင်ရွက်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)

၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက် | ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာ ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ(၆၆)၊ အမှတ်(၀၄၂)



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အခြေခံပညာအဆင့် အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲ အခြေခံပညာမူလတန်းအဆင့်၌ "အာကာသအိပ်မက်" ခေါင်းစဉ်ဖြင့် ကျောင်းသား ကျောင်းသူများ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အခြေခံပညာအဆင့် အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲနှင့် အာကာသနည်းပညာဆိုင်ရာပြခန်းများ ဖွင့်ပွဲအခမ်းအနား တက်ရောက်ချီးမြှင့်ဖွင့်လှစ်

နေပြည်တော် နိုဝင်ဘာ ၁၀

အခြေခံပညာအဆင့် အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲနှင့် အာကာသနည်းပညာဆိုင်ရာပြခန်းများ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-1)၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ဖွင့်လှစ်ပေးသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ◆

ယနေ့ ဇာတ်စာ

လူမှုမီဒီယာမှတစ်ဆင့် ထုတ်ပြန်ခဲ့သော ဂျာမနီသံရုံးယာယီတာဝန်ခံ၏ ပီဒီယိုနှင့်ပတ်သက်၍ နိုင်ငံခြားရေးဝန်ကြီးဌာနက ခေါ်ယူသတိပေးပြောကြား

ပြည်တွင်းသတင်း စာ ၄

ဗီဇာစည်းကမ်းဖောက်ဖျက်သည့် နိုင်ငံခြားသားများနှင့် ခိုးဝင်နိုင်ငံခြားသားများအား လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဥပဒေနှင့်အညီ ဖမ်းဆီးအရေးယူခြင်းနှင့် ပြည်နှင်ခြင်းတို့ကို တည်ဆဲဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိ

လွတ်တော်ရေးရာ စာ ၅

ပြည်ပရောက်မဲဆန္ဒရှင်များမှ ပုံစံ (၁၅) များကို သက်ဆိုင်ရာသံရုံးများတွင် စတင်ထုတ်ယူနိုင်မည့်နေ့ရက်၊ အချက်အလက်ဖြည့်သွင်းပြီးသည့် ပုံစံ(၁၅)များကို သက်ဆိုင်ရာသံရုံးများသို့ ပေးပို့နိုင်မည့်နေ့ရက်များ ထုတ်ပြန်

ပြည်တွင်းသတင်း စာ ၇

အာကာသဆိုင်ရာ ပန်းချီ/ကာတွန်း/ပိုစတာပြိုင်ပွဲနှင့် အာကာသနည်းပညာဆိုင်ရာ ပြခန်းများသို့ လာရောက်လေ့လာကြည့်ရှုသူများဖြင့် အထူးစည်ကား

ပြည်တွင်းသတင်း စာ ၁၅

ဗျာပုံမြို့နယ်ရှိ နောင်တော်ကြီးဆိုလာစနစ် ရေတင်စီမံကိန်းဖြင့် နွေစပါးစိုက်ဧက ၁၀၀ အား ရေပေးဝေသွားမည်

ပုသိမ် နိုဝင်ဘာ ၁၀


ဧရာဝတီတိုင်းဒေသကြီး ဗျာပုံမြို့နယ် နောင်တော်ကြီးကျေးရွာ၌ နောင်တော်ကြီးဆိုလာရေတင်စီမံကိန်းဖြင့် နွေစပါးစိုက်ဧက ၁၀၀ ကို ဆိုလာ ၄၈ ကီလိုဝပ်၊ ရေပေးမြောင်း ပေ ၃၁၂၀ ဖြင့် ရေပေးဝေစိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်မည့်အခြေအနေကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော် သွားရောက်ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန(ရေအရင်းအမြစ်) တိုင်းဦးစီးမှူးက နောင်တော်ကြီး ဆိုလာရေတင်စီမံကိန်းဧက ၁၀၀ တွင် ဆိုလာစွမ်းအင်သုံး ရေတင်စနစ်ဖြင့် စိုက်ပျိုးရေရရှိရေး ဆောင်ရွက်ထားရှိမှု အခြေအနေ၊ ရေပေးမြောင်းနှင့် ရေထုတ်ပေါက်များ ဆောင်ရွက်ထားရှိမှု၊ ဆိုလာရေတင်စနစ်ဖြင့် ဆောင်ရွက်ပေးနိုင်မှုကြောင့် တောင်သူများအတွက် စက်သုံးဆီသက်သာမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ *စာမျက်နှာ ၇ ကော်လံ ၄* ❍

တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် နိုဝင်ဘာ ၁၂ ရက်အတွင်း နေရာကွက်၍ မိုးကြိုးနိုင်

နေပြည်တော် နိုဝင်ဘာ ၁၀

ယနေ့ ညနေ ၅ နာရီ၌ တိုင်းထွာချက်များအရ ကပွလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ တိုက်ခတ်လာသောလေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ တိုက်ခတ်လာသော လေအေးများတွေ့ဆုံမှုကြောင့် ယနေ့ညမှ နိုဝင်ဘာ ၁၂ ရက်အတွင်း နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင်



စာမျက်နှာ ၄ ကော်လံ ၁ ※

ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့မှ ထုတ်လုပ်သော ကြံ၊ ဆင်နှစ်ကောင်၊ Blue Diamond နှင့် မြင်းပျံ အမှတ်တံဆိပ် ဘိလပ်မြေများအား

စက်ရုံနှင့်အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၉ ၂၅၂ ၂၃
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ ၇၇၀၀ ၂၃၀၄၊ ၀၉၇၇၀၀၄၀၉၃

ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၇၇၀၀၀၄၇၄၀
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ ၇၇၀၀ ၂၆၇၀





မြန်မာလူငယ်နှင့် အာကာသနည်းပညာ

၁၉၅၇ ခုနှစ်၊ အောက်တိုဘာ ၄ ရက်နေ့တွင် ဆိုဗီယက်ယူနီယံ (ယခု ရုရှားနိုင်ငံ)က Sputnik 1 ဂြိုဟ်တုကို ကမ္ဘာပတ် လမ်းကြောင်းထဲသို့ ပထမဆုံး အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့ခြင်းအားဖြင့် အာကာသခေတ် အစပြုခဲ့သည်။ Sputnik 1 အောင်မြင်မှုကြောင့် အမေရိကန်နှင့် ဆိုဗီယက်တို့ကြားတွင် အာကာသနည်းပညာပြိုင်ပွဲ စတင်ဖြစ်ပေါ်လာခဲ့ပြီး ၁၉၅၈ ခုနှစ်တွင် အမေရိကန်က အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအဖွဲ့ (National Aeronautics and Space Administration– NASA) ကို ဖွဲ့စည်းတည်ထောင်ခဲ့သည်။

၁၉၆၁ ခုနှစ်တွင် ဆိုဗီယက်အာကာသယာဉ်မှူး ယူရီဂဂါရင်သည် Vostok 1 အာကာသယာဉ်ဖြင့် ကမ္ဘာကို တစ်ပတ်ပတ်၍ အာကာသထဲသို့ ပထမဆုံးရောက်ရှိသူ လူသားဖြစ်လာခဲ့ပြီး ၁၉၆၉ ခုနှစ်တွင် အမေရိကန် NASA ၏ အပိုလို ၁၁ စီမံကိန်းဖြင့် အာကာသယာဉ်မှူး နီးလ်အမ်စထရောင်း၊ ဘတ်ဇ် အယ်လ်ဒရင်တို့သည် လကမ္ဘာပေါ်သို့ ပထမဆုံး ခြေချသူများဖြစ်လာခဲ့သည်။ ၁၉၈၁ ခုနှစ်မှစတင်၍ NASA ၏ အာကာသလွန်းပြန်ယာဉ်စီမံကိန်းများ။ ၁၉၉၈ ခုနှစ်တွင် နိုင်ငံပေါင်းများစွာ ပူးပေါင်းတည်ဆောက်ထားသော နိုင်ငံတကာ အာကာသစခန်း (ISS)။ စကြဝဠာ၏ လျှို့ဝှက်ချက်များကို ဖော်ထုတ်ပေးနိုင်သည့် Hubble အာကာသမှန်ပြောင်း။ အင်္ဂါဂြိုဟ်မျက်နှာပြင်ကို စူးစမ်းလေ့လာသည့် Mars Pathfinder စက်ရုပ်ယာဉ် စသည်တို့မှာ လူသားတို့၏ အာကာသနည်းပညာ သမိုင်းမှတ်တိုင်များဖြစ်သည်။

၂၁ ရာစုသို့ ကူးပြောင်းခဲ့ပြီဖြစ်သည့် ယနေ့ခေတ်တွင် အာကာသစီမံကိန်းများကို အစိုးရအဖွဲ့အစည်းများသာမက ပုဂ္ဂလိကကုမ္ပဏီများပါ ပါဝင်အကောင်အထည်ဖော်လာကြသည်။ Space X က အကောင်အထည်ဖော်သည့် Falcon 9 နှင့် ဇရာမ Starship ဒုံးပျံစနစ်များသည် ဒုံးပျံအစိတ်အပိုင်းများကို ကမ္ဘာမြေပေါ်သို့ ပြန်လည်ဆင်းသက်စေပြီး အကြိမ်ကြိမ် အသုံးပြုနိုင်အောင် တီထွင်ခဲ့သလို မြန်နှုန်းမြင့် အင်တာနက် အတွက် ကမ္ဘာပတ်လမ်းကြောင်းနှိမ့် Starlink ဂြိုဟ်တုများ လွှတ်တင်ခဲ့သည်။ NASA ၏ Artemis စီမံကိန်းအရ Artemis II ယာဉ်ဖြင့် အာကာသယာဉ်မှူးလေးဦးသည် နှစ်ပေါင်း ၅၀ ကျော်အတွင်း ပထမဆုံး အကြိမ် လကမ္ဘာကိုပတ်၍ အောင်မြင်စွာ ပျံသန်းနိုင်ခဲ့ပြီး ၂၀၂၈ ခုနှစ်တွင် လမျက်နှာပြင်ပေါ် တစ်ဖန်ပြန်လည်ခြေချရန် ပြင်ဆင်လျက် ရှိသည်။ ယခုအခါ အာကာသနည်းပညာ၏ ရှေ့တန်းတွင် တရုတ်နိုင်ငံလည်း ပါဝင်လာပြီး Tiangong အာကာသစခန်းနှင့် Chang'e လစူးစမ်းရေးယာဉ်တို့က အာကာသနည်းပညာပြိုင်ဆိုင်မှုကို ပို၍ အားကောင်းစေသည်။

"မိမိတို့ နေထိုင်သည့် ကမ္ဘာကြီးသည် နေ့စဉ်နှင့်အမျှ တိုးတက်ပြောင်းလဲနေသဖြင့် မိမိတို့နိုင်ငံအတွက်လိုအပ်သည့် အာကာသနည်းပညာဆိုင်ရာများကို မဖြစ်မနေ သိရှိနားလည်ရန်နှင့် အကျိုးရှိအောင် အသုံးချနိုင်ရန်လိုကြောင်း။ နိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး၊ မြေဆီလွှာ၊ ရေနှင့် သီးနှံအခြေအနေကိုသိရှိပြီး အချိန်မီစီမံနိုင်ရေး အတွက် အာကာသနှင့် AI နည်းပညာကို အသုံးပြုဆန်းစစ် ဆောင်ရွက်နိုင်ရေး စဉ်ဆက်မပြတ် သုတေသနပြု ကြိုးပမ်းဆောင်ရွက်သွားရန် လိုကြောင်း၊ နိုင်ငံတွင်းရှိ ရေသယံဇာတအပါအဝင် သဘာဝ အရင်းအမြစ်များကို အာကာသနည်းပညာအသုံးပြု၍ အချက်အလက်များ ရယူကာ အကျိုးရှိရှိ အသုံးချဆောင်ရွက်သွားရန်လိုကြောင်း" နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က အခြေခံပညာအဆင့် အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲနှင့် အာကာသနည်းပညာဆိုင်ရာပြခန်းများ ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားခဲ့ပြီး အာကာသနှင့်ပတ်သက်သည့် အသိပညာများအား မျိုးဆက်သစ် လူငယ်မောင်မယ်များ သိရှိနားလည်နိုင်ရေး၊ အာကာသနည်းပညာကို စိတ်ပါဝင်စားမှု မြင့်တက်လာရေး ဆောင်ရွက်ရန်တို့ကိုလည်း လမ်းညွှန်မှာကြားခဲ့သည်။

မြန်မာနိုင်ငံသည် အာကာသသိပ္ပံနှင့် နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး ကော်မရှင်ဥပဒေကို ပြဋ္ဌာန်းထားရှိပြီး အာကာသနည်းပညာ၊ ဂြိုဟ်တု နည်းပညာနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့ အတွက် ရုရှားနိုင်ငံအပါအဝင် နိုင်ငံတကာနှင့် ဆွေးနွေးပူးပေါင်း ဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိသည်။ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့တွင် မြန်မာအာကာသအေဂျင်စီ (Myanmar Space Agency–MSA) ကို စတင်ဖွဲ့စည်းခဲ့ပြီး စိုက်ပျိုးရေး၊ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး စသည်တို့အတွက် ဂြိုဟ်တု ဝန်ဆောင်မှုဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိပြီး ဇြမ်းချမ်းသော ရည်ရွယ်ချက်ဖြင့် အာကာသစူးစမ်းလေ့လာရေးနှင့် အသုံးချရေးနယ်ပယ်တွင် ရုရှားနိုင်ငံ၏ Roscosmos အပါအဝင် နိုင်ငံတကာအာကာသအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၃၀ ရက်တွင် အာကာသပြတိုက် (ရန်ကုန်)ကို ဖွင့်လှစ်ခဲ့ပြီး မြန်မာနိုင်ငံ၏ ပထမဆုံး အာကာသယာဉ်မှူး အဖြစ် တာဝန်ထမ်းဆောင်ရန် ပဏာမရွေးချယ်ထားသည့် အာကာသယာဉ်မှူးလောင်းများကို လေ့ကျင့်ပျိုးထောင်ခြင်း၊ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် 3D မြေပုံအချက်အလက်များ ဖန်တီးခြင်းနှင့် အာကာသဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ကျောင်းသားကျောင်းသူ လူငယ်မောင်မယ် မျိုးဆက်သစ်များအတွင်း အာကာသနည်းပညာအပေါ် စိတ်ပါဝင်စားမှုနှင့် စူးစမ်းလေ့လာလိုမှုတို့ မြင့်မားလာသည်နှင့်အမျှ အနာဂတ်ကာလတွင် မြန်မာအာကာသသိပ္ပံပညာရှင်များ အများအပြား ပေါ်ထွန်းလာနိုင်ပါမည့်အကြောင်း။ ။

သံအမတ်ကြီး ဦးမျိုးမိုးအောင် အား ဥဇဘေတ်ကစ္စတန် သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

နေပြည်တော် နိုဝင်ဘာ ၁၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမျိုးမိုးအောင် အား ၎င်း၏လက်ရှိတာဝန်ဝတ္တရားများအပြင် ဥဇဘတ်ကစ္စတန် သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

သတင်းစဉ်

၁၀ - ၁၁ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံသိုမဏ္ဍိလ ၁ ကျပ်သား (၁၆.၃၂၉၁၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၇၁၀၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် (တည်ဆောက်ရေး) ဒေါက်တာထွန်းမြင့်အောင် ကို ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့် နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

နေပြည်တော် နိုဝင်ဘာ ၁၀ - မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင် လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၇ ပေမှ ၉ ပေခန့်ရှိနိုင်သည်။

မိုး/၈လ

(၁၀-၁၁-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

	အမေရိကန်ဒေါ်လာ	တရုတ်ယွမ်	ထိုင်းဘတ်	အိန္ဒိယရူပီး
ငွေလဲလှယ်နှုန်း	၃၆၆၄.၅ ~ ၃၆၇၀	၅၂၅.၅ ~ ၅၂၈	၁၂၅.၅ ~ ၁၂၆.၇	၄၃.၆
ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ	၁၆,၄၄၇,၁၁၇.၁၆	၆,၂၅၄,၅၂၃.၃၉	၃၁,၁၅၉,၄၀၉.၇၂	

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၁ - ၁၁ - ၂၀၂၆

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	ဖော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၄၅၃၀	၄၆၈၅	၄၆၃၅	၄၅၄၅	၄၆၈၅	၄၇၀၀	၄၇၃၅	၄၆၈၅	၄၉၈၀	၅၀၁၀	၄၆၃၅	၄၇၉၀	၄၇၂၅	၄၆၈၅	၄၆၉၅	၄၉၂၅
95 Ron	၄၅၅၀	၄၇၀၅	၄၆၆၀	၄၅၆၅	၄၇၁၀	၄၇၂၅	၄၇၆၀	၄၆၃၅	၅၀၀၅	၅၀၃၅	၄၆၆၀	၄၉၀၅	၄၇၅၅	၄၇၀၅	၄၇၁၅	၄၉၄၅
HSD (500 ppm)	၄၄၅၅	၄၇၀၅	၄၆၅၅	၄၅၇၀	၄၇၁၀	၄၇၂၀	၄၇၄၅	၄၆၆၀	-	၅၀၂၀	၄၆၅၅	၅၂၅၀	၄၇၄၅	၄၇၀၅	၄၇၁၅	၄၉၃၅
HSD (50 ppm)	၄၄၂၀	၄၆၈၅	၄၆၂၅	၄၄၄၅	၄၆၆၀	၄၆၉၅	၄၇၂၅	၄၆၈၅	၄၉၈၅	၅၀၀၅	၄၆၂၅	၄၆၉၀	၄၇၀၅	၄၆၈၅	၄၆၈၅	၄၉၃၅
HSD (10 ppm)	၄၄၂၀	၄၆၈၅	၄၆၂၅	၄၄၄၅	၄၆၆၀	၄၆၉၅	၄၇၂၅	၄၆၈၅		၅၀၀၅	၄၆၂၅	၄၆၉၀	၄၇၀၅	၄၆၈၅	၄၆၈၅	၄၉၃၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၄၃၀၄	၄၄၂၄
95 Ron	၄၃၂၇	၄၄၄၈
HSD (500 ppm)	၄၃၄၆	၄၄၆၂
HSD (50 ppm)	၅၂၆၅	၅၄၀၀
HSD (10 ppm)	၅၂၆၅	၅၄၀၀

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိတ်ပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

စာတည်းမှူးချုပ်	-	ဟန်လင်းအောင်	အကြီးတန်းသတင်းထောက်	-	ကျော်သူဝင်း၊ တင်မောင်လွင်
စာတည်းမှူး	-	ခင်ရတနာ			ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
စာတည်းများ	-	ကျော်ဇေယျာဖြင့်၊ နေစာဇော်ထွန်း	ဓာတ်ပုံသတင်းထောက်	-	တင်စိုး
ဘာသာပြန်စာတည်း	-	ခြူးစန်ခွန်း၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ်	စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	-	မိုဖွိုအေးနှင့် ခွဲ့ဖွန်တို့အဖွဲ့
			အီးမေးနှင့် အွန်လိုင်း	-	သက်လွင်ဦးနှင့်အဖွဲ့
သုတေသန	-	အိအိခင်နှင့် အဖွဲ့	စာပြင်	-	ဇော်မင်းသန်းနှင့် အဖွဲ့

နေပြည်တော်- ခုတိယစာတည်းမှူးချုပ် ၀၆၇-၃၆၁၄၅၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၄၇၊ ဖက်စ် ၀၆၇-၃၆၁၄၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၁၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၁၊ စီမံ ၀၁-၅၄၄၃၁၅၊ ဒွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၇၊ ၀၁- ၅၅၉၁၁၀၊ Fax ၀၁-၅၄၄၃၂၂၊ ၀၆၇-၃၆၁၄၄၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၀၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)

ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@gmail.com

MYANMAR Digital News Presented by NPE www.mdn.gov.mm

E-paper



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အခြေခံပညာအဆင့် အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပိုစတာဖြိုင်ပွဲနှင့် အာကာသနည်းပညာဆိုင်ရာပြခန်းများ ဖွင့်ပွဲအခမ်းအနားကို ဒီဂျစ်တယ်နည်းပညာအသုံးပြု၍ စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အား ကျောင်းသား ကျောင်းသူများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်စဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အာကာသနည်းပညာဆိုင်ရာပြခန်းများအား စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာစဉ်။





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အာကာသနည်းပညာဆိုင်ရာ ပြခန်းများအား စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာစဉ်။

◆ *ရှေ့ဖုံးမှ*

အခမ်းအနားသို့ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညီဦးစောနှင့် ဒေါ်နန်းနီနီအေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ မြန်မာအာကာသအေဂျင်စီအမှုဆောင်အရာရှိချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ အာကာသသိပ္ပံနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာအာကာသအေဂျင်စီနှင့် အာကာသသိပ္ပံနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်တို့မှ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများ၊ အနုပညာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတသည် အခမ်းအနား ကျင်းပပြုလုပ်မည့် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ သို့ ရောက်ရှိလာရာ တာဝန်ရှိသူများ၊ ဘင်ခရာအဖွဲ့များနှင့် ကျောင်းသား ကျောင်းသူများ၊ အနုပညာရှင်များက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် အခမ်းအနားကို စတင်ကျင်းပရာ နိုင်ငံတော်သမ္မတက အခြေခံပညာအဆင့် အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲနှင့် အာကာသနည်းပညာဆိုင်ရာပြခန်းများ ဖွင့်ပွဲအခမ်းအနားကို ဒီဂျစ်တယ်နည်းပညာအသုံးပြု၍ စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

❑ မိမိတို့နေထိုင်သည့် ကမ္ဘာကြီးသည် နေစဉ်နှင့်အမျှ တိုးတက်ပြောင်းလဲနေသဖြင့် မိမိတို့နိုင်ငံအတွက် လိုအပ်သည့် အာကာသနည်းပညာဆိုင်ရာများကို မဖြစ်မနေ သိရှိနားလည်ရန်နှင့် အကျိုးရှိအောင် အသုံးချနိုင်ရန်လို

❑ နိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး၊ မြေဆီလွှာ၊ ရေနှင့် သီးနှံအခြေအနေကို သိရှိပြီး အချိန်မီစီမံနိုင်ရေးအတွက် အာကာသနှင့် AI နည်းပညာကို အသုံးပြုဆန်းစစ်ဆောင်ရွက်နိုင်ရေး စဉ်ဆက်မပြတ် သုတေသနပြု ကြိုးပမ်းဆောင်ရွက်

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် အာကာသနည်းပညာဆိုင်ရာပြခန်းများဖြစ်သည့် အာကာသနှင့် AI နည်းပညာသုံး စိုက်ပျိုးရေးစနစ်ပြခန်း၊ အာကာသနှင့် AI နည်းပညာအသုံးချပြခန်းရှိ ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင် စောင့်ကြည့်လေ့လာရေးစနစ်၊ ဂြိုဟ်တုနည်းပညာအသုံးချ Application များ၊ AI နှင့် အမေးအဖြေကဏ္ဍ၊ AI အသုံးပြုစိတ်ဝင်စားဖွယ်ဂိမ်းများ၊ စက်ရုပ်နည်းပညာပြခန်း၊ သိပ္ပံ၊ နည်းပညာ၊ အင်ဂျင်နီယာနှင့် သချိ်ာပညာရပ်ပြခန်း၊ နက္ခတ်တာရာနှင့် အာကာသသိပ္ပံပြခန်း၊ အာကာသဈေးစမ်းလေ့လာရေးပြခန်း၊ နက်ရှိုင်းသော အာကာသ ဈေးစမ်းလေ့လာရေးသုတေသနပြခန်းတို့ အတွင်း ပြခန်းတစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုလေ့လာရာ ပြခန်းအလိုက် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

စာမျက်နှာ ၄ သို့

စာမျက်နှာ ၃ မှ

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက မိမိတို့နေထိုင်သည့် ကမ္ဘာကြီးသည် နေ့စဉ်နှင့်အမျှ တိုးတက်ပြောင်းလဲနေသဖြင့် မိမိတို့နိုင်ငံအတွက် လိုအပ်သည့် အာကာသနည်းပညာဆိုင်ရာများကို မဖြစ်မနေ သိရှိနားလည်ရန်နှင့် အကျိုးရှိအောင် အသုံးချနိုင်ရန်လိုကြောင်း၊ နိုင်ငံ၏ အဓိကစီးပွားရေး လုပ်ငန်းဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး၊ မြေဆီလွှာ၊ ရေနှင့် သီးနှံအခြေအနေကို သိရှိပြီး အချိန်မီစိမံနိုင်ရေးအတွက် အာကာသနှင့် AI နည်းပညာကို အသုံးပြုဆန်းစစ်ဆောင်ရွက်နိုင်ရေး စဉ်ဆက်မပြတ်သုတေသနပြုကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ နိုင်ငံတွင်းရှိ ရေသယံဇာတအပါအဝင် သဘာဝအရင်းအမြစ်များကို အာကာသနည်းပညာအသုံးပြု၍ အချက်အလက်များရယူကာ အကျိုးရှိရှိ အသုံးချဆောင်ရွက်သွားရန်လိုကြောင်း၊ ယခုကဲ့သို့ အာကာသနှင့်ပတ်သက်သည့် ပြပွဲများ၊ ပြိုင်ပွဲများ ကျင်းပပြုလုပ်ပေးခြင်း၊ အာကာသနှင့်ပတ်သက်သည့် အသိပညာများအား မျိုးဆက်သစ်လူငယ်မောင်မယ်များ သိရှိနားလည်နိုင်ရေး ခေတ်နှင့်အညီ စဉ်ဆက်မပြတ် အဆင့်မြှင့်တင် လုပ်ဆောင်ပေးခြင်းတို့ဖြင့်လည်း အာကာသနည်းပညာကို စိတ်ပါဝင်စားမှု မြင့်တက်လာစေရေး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ကြည့်ရှုအားပေး

ၦင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ကျောင်းသား ကျောင်းသူလေးများ၏ အခြေခံပညာအဆင့် အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရေးဆွဲနေမှုများကို လိုက်လံကြည့်ရှုအားပေးကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ယခင်ပြိုင်ပွဲ၌ ဆုရရှိခဲ့သည့် ပန်းချီ၊ ကာတွန်း၊ ပိုစတာလက်ရာများ ခင်းကျင်းပြသထားရှိမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတက ကျောင်းသား ကျောင်းသူလူငယ်မောင်မယ်လေးများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့သည်။

အဆိုပါ အခြေခံပညာအဆင့် အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲကို နေပြည်တော်ကောင်စီနှင့် မြန်မာအာကာသအဖျင်စီတို့က ကြီးမှူး၍ အနာဂတ်မျိုးဆက်သစ် လူငယ်မောင်မယ်များ အာကာသသိပ္ပံနှင့် နည်းပညာများကို စိတ်ဝင်စားပြီး အနုပညာမှတစ်ဆင့် သိပ္ပံဆိုင်ရာစိတ်ကူးစိတ်သန်းများ ဖော်ထုတ်ပြသနိုင်ရန် ရည်ရွယ်ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း၊ ပြိုင်ပွဲများကို အခြေခံပညာမူလတန်းအဆင့်၌ "အာကာသအိပ်မက်" ခေါင်းစဉ်ဖြင့် ယနေ့တွင်လည်းကောင်း၊ အခြေခံပညာအလယ်တန်းအဆင့်၌ "လူသားနှင့် အနာဂတ်အာကာသ" ခေါင်းစဉ်ဖြင့် နိုဝင်ဘာ ၁၁ ရက်တွင်လည်းကောင်း၊ အခြေခံပညာအထက်တန်းအဆင့်၌ "အသုံးချလေ့လာအာကာသနည်းပညာ" ခေါင်းစဉ်ဖြင့် နိုဝင်ဘာ ၁၂ ရက်တွင်လည်းကောင်း အသီးသီးကျင်းပယှဉ်ပြိုင်သွားမည်ဖြစ်ပြီး နိုဝင်ဘာ ၁၃ ရက်တွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် စက်ရုပ်နည်းပညာပြခန်းအား စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာစဉ်။

လူမှုမီဒီယာမှတစ်ဆင့် ထုတ်ပြန်ခဲ့သော ဂျာမနီသံရုံးယာယီတာဝန်ခံ၏ ဗီဒီယိုနှင့်ပတ်သက်၍ နိုင်ငံခြားရေးဝန်ကြီးဌာနက ခေါ်ယူသတိပေးပြောကြား



နေပြည်တော် နိုဝင်ဘာ ၁၀

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်က ရန်ကုန်မြို့ရှိ ဂျာမနီသံရုံး ယာယီတာဝန်ခံ မစ္စတာ မာသီးရက်စ် လေရှာ့စ်အား ယနေ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ခေါ်ယူတွေ့ဆုံ၍ ဂျာမနီသံရုံး၏ လူမှုကွန်ရက်စာမျက်နှာ၌ နိုဝင်ဘာ ၈ ရက်တွင် ထုတ်ပြန်ခဲ့သော သံရုံးယာယီတာဝန်ခံ၏ ဗီဒီယိုနှင့်ပတ်သက်၍ ခေါ်ယူသတိပေးပြောကြားခဲ့ပြီး သတိထောက်လွှာ ပေးအပ်ခဲ့သည်။

ထိုသို့ ခေါ်ယူတွေ့ဆုံရာတွင် ဒုတိယဝန်ကြီးက ဂျာမနီနိုင်ငံသည် နိုင်မာသည့် ဒီမိုကရေစီစနစ်ရှိသဖြင့် သံရုံးယာယီတာဝန်ခံအနေဖြင့် နိုင်ငံကြီးသားပီသစွာဖြင့် သံတမန်လုပ်ငန်းများကို လုပ်ဆောင်မည်ဟု မျှော်လင့်ခဲ့ကြောင်း၊ လက်ရှိအချိန်တွင် မြန်မာနိုင်ငံ၌ ဒီမိုကရေစီနည်းလမ်းဖြင့် ပြည်သူက ရွေးကောက်တင်မြှောက်ထားသည့် အစိုးရတာဝန်ယူနေဆဲဖြစ်ကြောင်း၊ သံရုံးယာယီတာဝန်ခံ၏ ပြောကြားချက်သည် အိမ်ရှင်နိုင်ငံ၏ နိုင်ငံတော်အကြီးအကဲကို တိုက်ရိုက်စော်ကားရာရောက်သည့်အပြင် ရွေးကောက်ပွဲ၌ မဲပေးခဲ့ကြသည့် မြန်မာပြည်သူ ၁၃ သန်း ၁၃ သန်းကျော်ကို မထီမဲ့မြင်ပြုရာရောက်ကြောင်း၊ သံရုံးယာယီတာဝန်ခံအနေဖြင့် ဗီဒီယိုရိုက်ကူးသည့် နေရာရွေးချယ်မှုအပါအဝင် ရည်ရွယ်ချက်ရှိရှိဖြင့် ပြုမူပြောဆိုဆောင်ရွက်မှုများသည် အိမ်ရှင် နိုင်ငံနှင့် နိုင်ငံတော်အစိုးရအပေါ် အတိုက်အခံပြုရန် အားပေးအားမြှောက် ပြုလုပ်နေသည့် အသွင်တွေ့ရပြီး ပြည်တွင်းမငြိမ်သက်မှုဖြစ်ပေါ်စေရန်နှင့် နိုင်ငံတော်အစိုးရအား အကြည်ညိုပျက်စေရန် အားပေးလှုံ့ဆော်ရာရောက်နေကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် "တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရရှိရေး" နှင့် "နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုရရှိရေး" အတွက် ဦးစားပေးဆောင်ရွက်နေချိန်တွင် အဆိုပါလုပ်ရပ်သည် နိုင်ငံတော်တည်ငြိမ်ရေးကို မလိုလားသည့် အပြုအမူဖြစ်ကြောင်းကို တွေ့ရှိရပါကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံ၏ ပြည်တွင်းတရားစီရင်ပိုင်ခွင့်ကို ပြောင်ပြောင်တင်းတင်း ဝင်ရောက်စွက်ဖက်ဝေဖန်နေခြင်းဖြစ်သဖြင့် လုံးဝလက်မခံနိုင်ဖွယ် ဖြစ်ကြောင်း၊ ယင်းလုပ်ရပ်ကို ပြည်သူများကလည်း လုံးဝနှစ်မြို့ခြင်းမရှိဘဲ ဆိုရှယ်မီဒီယာတွင် သံရုံးယာယီတာဝန်ခံအား ဝေဖန်ပြောကြားနေကြပြီဖြစ်ကြောင်း၊ ၁၉၆၁ ခုနှစ် သံတမန် ဆက်ဆံရေးဆိုင်ရာ ဗီယင်နာ ကွန်ဗင်းရှင်းအပိုဒ် ၄၁ (၁)အရ စေလွှတ်သည့်နိုင်ငံ၏ သံတမန်များသည် လက်ခံသည့် နိုင်ငံ၏ တရားဥပဒေများနှင့် စည်းမျဉ်းဥပဒေများကို လေးစားရန်နှင့် ထိုနိုင်ငံ၏ ပြည်တွင်းရေးရာကိစ္စရပ်များတွင် ဝင်ရောက်စွက်ဖက်ခြင်းမပြုရန် တာဝန်ရှိကြောင်း၊ သံရုံးယာယီတာဝန်ခံအနေဖြင့် ဦးဝင်းမြင့်အား နိုင်ငံတော်သမ္မတအဖြစ် သဘောထားကာ လက်ရှိအစိုးရနှင့် လက်တွဲဆောင်ရွက်လိုခြင်းမရှိ၍ မြန်မာနိုင်ငံ၌ ဆက်လက်တာဝန်ထမ်းဆောင်ခြင်း မပြုလိုပါကလည်း မိမိတို့အနေဖြင့် တားမြစ်မည်မဟုတ်ကြောင်း၊ မြန်မာနိုင်ငံသည် ဂျာမနီနိုင်ငံနှင့် ဆက်ဆံရေးကို အလေးထားသော်လည်း အပြန်အလှန် လေးစားမှု၊ အချုပ်အခြာအာဏာညီမျှမှုနှင့် ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်မှုမပြုရေးတို့သည် သံတမန်ဆက်ဆံရေး၏ မရှိမဖြစ်လိုအပ်သော အခြေခံမူများဖြစ်ပြီး အတိအကျလိုက်နာစောင့်ထိန်းကြရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်သည့် ဂျာမနီသံရုံးယာယီတာဝန်ခံ၏ လုပ်ရပ်သည် သံတမန်ရာထူးနှင့်အညီ ထိန်းသိမ်းစောင့်စည်းမှုနှင့် သတိပြုဆင်ခြင်မှုတို့ကို လိုက်နာမှုမရှိဟု မှတ်ယူကြောင်းနှင့် ယင်းကို ကန့်ကွက်ရှုတ်ချကြောင်း၊ သံရုံးယာယီတာဝန်ခံ၏ပြောကြားချက်၊ ပြောကြားသည့်နေရာကို ရွေးချယ်မှုနှင့် ဆိုရှယ်မီဒီယာမှတစ်ဆင့် အများပြည်သူသို့ ဖြန့်ဝေမှုတို့သည် ဂျာမနီနိုင်ငံခြားရေးဝန်ကြီးဌာန၏ခွင့်ပြုချက် သို့မဟုတ် ၎င်း၏ကိုယ်ပိုင်သဘောဆန္ဒဖြင့် ဆောင်ရွက်သည်ဆိုသည်ကို တရားဝင်ဖြေရှင်းချက်ပေးရန် တောင်းဆိုကြောင်း၊ အလားတူလုပ်ရပ်မျိုး ထပ်မံလုပ်ဆောင်ခြင်း မပြုရန် ပြင်းထန်စွာ သတိပေးကြောင်းနှင့် လုပ်ဆောင်မည်ဆိုပါက အိမ်ရှင် နိုင်ငံအနေဖြင့် အပြည်ပြည်ဆိုင်ရာ ဥပဒေနှင့် သံတမန်ရေးရာ အစဉ်အလာများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **သတင်းစဉ်**

※ *ရှေ့ဖုံးမှ*

နေရာစိပ်စိပ်မှ နေရာအနှံ့အပြားနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲမိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြိုးနိုင်သည်။

မြန်မာ့ကမ်ရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်ရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပွလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ တိုက်ခတ်လာသောလေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ တိုက်ခတ်လာသော လေအေးများတွေ့ဆုံမှုကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်ရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်ထားသည်။ **မိုး/၈လ**

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၆ ရက်မြောက်နေ့ ကျင်းပ

ဗီဇာစည်းကမ်းဖောက်ဖျက်သည့် နိုင်ငံခြားသားများနှင့် ခိုးဝင်နိုင်ငံခြားသားများအား လူဝင်မှုကြီးကြပ်ရေးဆိုင်ရာဥပဒေနှင့်အညီ ဖမ်းဆီးအရေးယူခြင်းနှင့် ပြည်နှင်ခြင်းတို့ကို တည်ဆဲဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိ



နေပြည်တော် နိုဝင်ဘာ ၁၀

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၆ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီးများနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် **ရေမြောင်းနှင့် မြောင်းပေါင်များပြုပြင်ပေးနိုင်ရေး၊ DEMU ရထား ပုတီးကုန်းဘူတာတွင် ရပ်ပေးနိုင်ရေး၊ ရန်ကုန်တိုင်းပြင်ပမှ မှတ်ပုံတင်ယာဉ်များအား ရန်ကုန်တိုင်းအတွင်း ပြန်လည်မှတ်ပုံတင်ခွင့်ပြုရေး၊ တရားမဝင်နိုင်ငံခြားသားများအားစစ်ဆေး၍ မူရင်းနိုင်ငံသို့ ပြန်ပို့ရေး၊ လဝကရုံးအသစ် တည်ဆောက်ပေးနိုင်ရေးတို့နှင့်** စပ်လျဉ်း၍ **မေးခွန်း ငါးခု** မေးမြန်းဖြေကြားခြင်းနှင့် လွှတ်တော်အစီရင်ခံစာတင်ပြခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာမျိုးထွန်း၏ **လားရှိုးမြို့ ကောက်ကွေ့ရေလောင်တမံ၏ မြောင်းနှင့် မြောင်းပေါင်များအား မည်သည့်ဘဏ္ဍာနှစ်တွင် ပြုပြင်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း** နှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က လားရှိုးမြို့နယ်ရှိ ကောက်ကွေ့တူးမြောင်းမကြီးနှင့် ဟူးမွန်မြောင်းများသည် မြို့နေပြည်သူလူထု၏သောက်သုံးရေရရှိရေးနှင့် စိုက်ပျိုးမြေဧရိယာ ဂုဝဝ ကျော်အတွက် စိုက်ပျိုးရေးရရှိရေးတို့ကို အကျိုးပြုနိုင်ပါကြောင်း။

အဆိုပါ ကောက်ကွေ့မြောင်းမကြီးသည် ပြီးခဲ့သည့် မိုးရာသီကာလအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြောင်းမကြီး၏ အစိတ်အပိုင်း သုံးနေရာ ထိခိုက်ပျက်စီးခဲ့၍ ရေပေးဝေရေးလုပ်ငန်းများကို ရပ်ဆိုင်းထားခဲ့ရပါကြောင်း၊ ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့သော အစိတ်အပိုင်း သုံးနေရာလုံး တစ်ဆက်တည်း ပြုပြင်ပြီးစီးမှသာ ရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ကောက်ကွေ့မြောင်းမကြီး ထိခိုက်ပျက်စီးသည့် အပိုင်း ၂ နှင့် အပိုင်း ၃ နေရာများအား ပြုပြင်နိုင်ရန် လိုအပ်သည့်ရန်ပုံငွေကို ၂၀၂၇-၂၀၂၈ ခု ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေတွင်လျာထားပြီး အပိုင်း ၁ ပြုပြင်ခြင်းလုပ်ငန်းအတွက် လိုအပ်သည့် ရန်ပုံငွေကို ၂၀၂၇-၂၀၂၈ ခုနှစ် ပြည်ထောင်စုဖြည့်စွက်ရန်ပုံငွေ (သို့မဟုတ်) အထွေထွေပိုလျှံရန်ပုံငွေ၌ ဆက်လက်တင်ပြတောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ လုပ်ငန်းများဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

သဲကုန်းမဲဆန္ဒနယ်မှ ဒေါ်ဥမ္မာမိုမိုဇော်၏ **ရန်ကုန်-ပြည် DEMU မီးရထားအား သဲကုန်းမြို့နယ် ပုတီးကုန်းဘူတာတွင် ရပ်တန့်ပေးရန်အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်က ရန်ကုန်-ပြည် ရထားလမ်းပိုင်းအတွင်း လက်ရှိပြေးဆွဲလျက်ရှိသည့် ရထားခြောက်စင်းအနက် ရထား လေးစင်းအား ပုတီးကုန်းဘူတာတွင် ရပ်တန့်ပေးလျက်ရှိပါကြောင်း၊ ပုတီးကုန်းဘူတာမှ နေ့စဉ်ခရီးသည် ၉၅၅ ဦးခန့်သာ စီးနင်းလျက်ရှိပြီး လက်ရှိရပ်တန့်ပေးထားသော ရထား လေးစင်းဖြင့် ခရီးသည်စီးနင်းမှု လုံလောက်သည့်အခြေအနေဖြစ်သည့်အပြင် ၂၀၂၆ခုနှစ် အောက်တိုဘာလမှစတင်၍ အမှတ်(၆၁) အဆန်/(၆၂) အစုန် ရန်ကုန်-ပြည်-အောင်လံ - ပုဂံ လူစီးအမြန်ရထားသည် အဆိုပါ ရထားလမ်းအတိုင်း ပြန်လည်ပြေးဆွဲနေပြီဖြစ်သည့် အတွက် စုစုပေါင်း ရထား ခြောက်စင်း ရပ်တန့်ပေးလျက်ရှိပါကြောင်း။

အမှတ်(၇၃)အဆန်/(၇၄)အစုန် DEMU ရထားအား ပုတီးကုန်းဘူတာတွင် ရပ်တန့်မည်ဆိုပါက ဘူတာတွင်ရပ်တန့်ချိန် ၃ မိနစ်၊ ရထားအရှိန်လျှော့ချိန် ၁ မိနစ်၊ ဘူတာမှ ပြန်လည်ထွက်ခွာပြီး မူလပြေးဆွဲချိန်ရရှိရန် ရထားအရှိန်တင်ချိန် ၂ မိနစ် စုစုပေါင်း ၆ မိနစ် ထပ်မံကြာမြင့်မည်ဖြစ်ပါကြောင်း၊ ပုတီးကုန်းဘူတာခန့်နီးစပ်ရာဘူတာဖြစ်သည့်ပေါင်းတည်နှင့် သဲကုန်းဘူတာတို့မှ သွားရောက်စီးနင်းနိုင်ပါသဖြင့် DEMU လူစီးအမြန်ရထားအား ပုတီးကုန်းဘူတာတွင် ရပ်တန့်ပေးရန် အစီအစဉ် မရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ပဲခူးမဲဆန္ဒနယ်မှ ဦးမင်းခန့်ကျော်၏ **ရန်ကုန်-တိုင်းဒေသကြီးပြင်ပတွင် မှတ်ပုံတင်ထားရှိသော မော်တော်ယာဉ်များကို ရန်ကုန်တိုင်းအတွင်းရှိ ပြည်သူများ၏ လိပ်စာအတိုင်း ပြန်လည်ခွင့်ပြုပေးရန် မည်သည့်အချိန်တွင် ပြန်လည်ဖွင့်လှစ်ပေးမည်ကို သိရှိလိုခြင်းမေးခွန်းနှင့်** စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအောင်မြိုင်က ရန်ကုန်တိုင်းဒေသကြီးအတွင်းသို့ မော်တော်ယာဉ်များ နယ်ဝင်ခွင့်လျှောက်ထားခြင်းအား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအတိုင်း ဆောင်ရွက်ပေးခြင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်(MIC) ၏ ခွင့်ပြုချက်ဖြင့် ပြည်တွင်းတပ်ဆင်ထုတ်လုပ်ထားသော(CKD/SKD) မော်တော်ယာဉ်များအား ပြည်တွင်းထုတ်လုပ်မှုကို အားပေးကူညီသည့်အနေဖြင့် ရန်ကုန်လိုင်စင်ခွင့်ပြုပေးခြင်း၊ အမျိုးသားအဆင့်လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့်ကုမ္ပဏီများမှ တက္ကစိုဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရန် တင်သွင်းလာသည့် လျှပ်စစ်သုံးတက္ကစီယာဉ်များနှင့် လျှပ်စစ်သုံးခရီးသည်တင်ယာဉ်များကို ရန်ကုန်လိပ်စာဖြင့် လျှောက်ထားပါက အထူးကိစ္စရပ်တစ်ရပ်အနေဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးလှဆွေ၏ **ရန်ကုန်-မန္တလေး-တောင်ကြီး-မော်လမြိုင်အပါအဝင် တစ်နိုင်ငံလုံးရှိ တရားမဝင်နိုင်ငံခြားသားများအား စစ်ဆေးရန်နှင့် မူရင်းနိုင်ငံသို့ပြန်ပို့ရန် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလင်းဇော်ထွန်းက လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် တရားဝင် ဝင်ရောက်လာသော နိုင်ငံခြားသားများအား နိုင်ငံခြားသားရောက်ရှိခြင်းအစီရင်ခံစာ Form C/ e-Form C တိုင်ကြားမှု ရှိ/မရှိ စစ်ဆေးခြင်း၊ နိုင်ငံခြားသားများ ပြည်တွင်းနေထိုင်ခွင့်သက်တမ်းနှင့် အကြိမ်ကြိမ်ပြည်ပြန်ဝင်ခွင့်ဗီဇာ သက်တမ်းတိုးမြှင့်ခြင်းကိစ္စများအတွက် မြေပြင်တွင် အမှန်တကယ် နေထိုင်လုပ်ကိုင်ခြင်းတို့ကို ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိသကဲ့သို့ ပြည်ထဲရေးဝန်ကြီးဌာနကလည်း ရှောင်တခင် ဧည့်စာရင်းစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ပြင် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေသည့် နိုင်ငံခြားသားများမရှိစေရေး အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များနှင့်ညှိနှိုင်း၍ ပူးပေါင်းအဖွဲ့များဖြင့် အခါအားလျော်စွာ ရှောင်တခင် စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိပြီး ဗီဇာစည်းကမ်းဖောက်ဖျက်မှုများအား အမှုဖွင့်လှစ်၍ ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်ခဲ့ပါကြောင်း။

ထို့ပြင် ဗီဇာစည်းကမ်းဖောက်ဖျက်သည့် နိုင်ငံခြားသားများနှင့် ခိုးဝင်နိုင်ငံခြားသားများအား လူဝင်မှုကြီးကြပ်ရေးဆိုင်ရာဥပဒေနှင့်အညီ ဖမ်းဆီးအရေးယူခြင်းနှင့် ပြည်နှင်ခြင်းတို့ကို တည်ဆဲဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်ထဲရေးဝန်ကြီးဌာနအပါအဝင် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ပုတာအိုမဲဆန္ဒနယ်မှ ဦးရာနိုဇ်၏ **ပုတာအိုမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးဌာနရုံးအား အသစ်တည်ဆောက်ပေးရန်အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလင်းဇော်ထွန်းက လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် ဌာနပိုင်ရုံး အဆောက်အအုံများနှင့် ဝန်ထမ်းအိမ်ရာများအား အသစ်ပြန်လည်ဆောက်လုပ်နိုင်ရေးအတွက် ရန်ပုံငွေကို နှစ်စဉ်လျာထားတင်ပြ တောင်းခံလျက်ရှိပါကြောင်း၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် ရန်ပုံငွေလျာထားတောင်းခံရာတွင် ပုတာအိုမြို့နယ်ဦးစီးမှုးရုံးအဆောက်အအုံသည် လျာထားတောင်းခံမှုတွင် မပါရှိပါကြောင်း။ ထို့ပြင် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ရန်ပုံငွေလျာထားချက်တွင်လည်း ပါဝင်ခြင်းမရှိသောကြောင့် ဖြည့်စွက်ရန်ပုံငွေတွင် ထည့်သွင်းတောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေခွဲဝေပြုချက်ရရှိမှုအပေါ်မူတည်၍ ဦးစားပေးအစီအစဉ်အလိုက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စီစစ်ရေး ကော်မတီဥက္ကဋ္ဌ ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးသန်းထွန်းဦးက ပြည်သူ့လွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စီစစ်ရေးကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုပါ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၆ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၂၇ ရက်မြောက်နေ့ကို နိုဝင်ဘာ ၁၁ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းအဖွဲ့

ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ ထံ မြန်မာနိုင်ငံဆိုင်ရာ ကင်ညာသမ္မတနိုင်ငံ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်အဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော ဒေါက်တာစောဌေးမြင့် ခန့်အပ်လွှာပေးအပ်

နေပြည်တော် နိုဝင်ဘာ ၁၀

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည် မြန်မာနိုင်ငံဆိုင်ရာ ကင်ညာသမ္မတနိုင်ငံ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်အဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော ဒေါက်တာစောဌေးမြင့်၏ ခန့်အပ်လွှာကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌လက်ခံ၍ ၎င်းအား အသိအမှတ်ပြုစာချွန်လွှာ ပြန်လည်ပေးအပ်သည်။

သတင်းစဉ်



လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုသို့ (အပိုင်း-၅)

မောင်ပြေ(ဆင်ပေါင်ဝဲ)



တိုကျိုပဉ္စင်္ဂလိကစိုက်ပျိုးမွေးမြူရေးတက္ကသိုလ်။

လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုသို့ အမျိုးသားအဆင့် အလုပ်ရှင်ဆွေးနွေးပွဲတွင် စာရေးသူ တက်ရောက်ဆွေးနွေးခွင့်ရရှိခဲ့ပါသည်။ ထိုအထဲမှာမှ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အုတ်တစ်ချပ်၊ သဲတစ်ပွင့်ပမာ ဆက်လက်ရေးသားဆွေးနွေးလိုပါသည်။ နိုင်ငံအချို့တွင် ပဉ္စလိကသုတေသန အဖွဲ့အစည်းများက နိုင်ငံတော် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရသုတေသနအဖွဲ့အစည်းများနှင့်အတူ လက်တွဲဆောင်ရွက်နေပါသည်။ ယခုအခါ တိုကျိုပဉ္စလိက စိုက်ပျိုးမွေးမြူရေးတက္ကသိုလ်မှ ဆောင်ရွက်နေသော သုတေသနနမူနာများအကြောင်းကို ရေးသားဆွေးနွေးပါမည်။

ဂျပန်နိုင်ငံရှိ ပဉ္စလိက စိုက်ပျိုးရေးတက္ကသိုလ်များ၏ စိုက်ပျိုးမွေးမြူရေးသုတေသနလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်မှုနှင့် ပဉ္စလိကကဏ္ဍ၏ အခန်းကဏ္ဍ

ဂျပန်နိုင်ငံသည် စိုက်ပျိုးရေးသုတေသနနှင့် နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အစိုးရတစ်ခုတည်းကသာ တာဝန်ယူဆောင်ရွက်ခြင်းမဟုတ်ဘဲ ပဉ္စလိကတက္ကသိုလ်များ၊ ပဉ္စလိက ကုမ္ပဏီများ၊ တောင်သူလယ်သမားသမဝါယမအသင်းများ၊ စားသောက်ကုန်လုပ်ငန်းများနှင့် အစိုးရသုတေသနဌာနများ ပူးပေါင်းဆောင်ရွက်သည့် စနစ်တစ်ခုကို ဖော်ဆောင်ထားသော နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။

ထိုသို့ ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေး၊ စားနပ်ရိက္ခာ အရည်အသွေးမြှင့်တင်ရေး၊ စိုက်ပျိုးရေးနည်းပညာ တိုးတက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ဤနေရာတွင် စိတ်ဝင်စားဖွယ်ကောင်းသော ဥပမာတစ်ခုမှာ တိုကျိုမြို့လယ်တွင်ရှိသော တိုကျိုစိုက်ပျိုးမွေးမြူရေးတက္ကသိုလ် (Tokyo University of Agriculture – Tokyo NODAI) တိုကျိုနိုဒိုင်း – ဖြစ်ပါသည်။

ဤတက္ကသိုလ်သည် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ သိပ္ပံသုတေသန၊ အစားအစာသိပ္ပံ၊ ဇီဝနည်းပညာနှင့် နိုင်ငံတကာစိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုတို့တွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံအနေဖြင့်လည်း ပဉ္စလိကစိုက်ပျိုးမွေးမြူရေးတက္ကသိုလ်များ၊ အသက်မွေးဝမ်းကျောင်းသင်တန်းကျောင်းများ (TVET – Technical and Vocational Education and Training in Agriculture) နှင့် အစိုးရစိုက်ပျိုးရေးတက္ကသိုလ်များ၊ သုတေသနဌာနများ ပူးပေါင်းဆောင်ရွက်နိုင်မည့် ပုံစံတစ်ခုကို လေ့လာသုံးသပ်ရန် အထူးသင့်လျော်ပါသည်။

တိုကျိုစိုက်ပျိုးမွေးမြူရေး တက္ကသိုလ်သည် ဂျပန်နိုင်ငံရှိ နာမည်ကြီး အောင်မြင်ကျော်ကြားနေသော ပဉ္စလိကစိုက်ပျိုးမွေးမြူရေးတက္ကသိုလ် တစ်ခုဖြစ်ပြီး ၁၈၉၁ ခုနှစ်က စတင်တည်ထောင်ခဲ့ပါသည်။

စိုက်ပျိုးရေးမွေးမြူရေး၊ ပညာရေးနှင့် လက်တွေ့အသုံးချနိုင်သော သုတေသနလုပ်ငန်းများကို အထူးအလေးထား ဆောင်ရွက်သည့် တက္ကသိုလ်တစ်ခုဖြစ်ပါသည်။

အဓိကသုတေသနနယ်ပယ်များ

သုတေသနနယ်ပယ်	ဆောင်ရွက်သည့် သုတေသနလုပ်ငန်းများ
သီးနှံစိုက်ပျိုးရေးပညာ	စပါး၊ ဂျုံ၊ ဟင်းသီးဟင်းရွက်နှင့် သီးနှံမျိုးကောင်းမျိုးသန့်၊ ဖော်ထုတ်ခြင်း
မြေဆီလွှာသိပ္ပံ	မြေဆီလွှာဩဇာ၊ မြေဆီလွှာအတွင်းရှိ အဏုဇီဝသက်ရှိများ
စိုက်ပျိုးရေးအင်ဂျင်နီယာ	စိုက်ပျိုးရေးစက်ကိရိယာနှင့် ထုတ်လုပ်မှုနည်းပညာများ
ဇီဝနည်းပညာ	အပင်ဇီဝနည်းပညာနှင့် အဏုဇီဝသက်ရှိများ အသုံးချခြင်း
အစားအစာသိပ္ပံ	အစားအစာထုတ်လုပ်ခြင်း၊ အရည်အသွေးနှင့် ဘေးကင်းလုံခြုံရေး
တိရစ္ဆာန်မွေးမြူရေးပညာ	မွေးမြူရေးထုတ်လုပ်မှုနှင့် တိရစ္ဆာန် အာဟာရ
သစ်တောပညာ	သစ်တောသယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး
နိုင်ငံတကာစိုက်ပျိုးရေး	အပူပိုင်းဒေသစိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေး
အချဉ်ဖောက်ခြင်းဆိုင်ရာသိပ္ပံ	အဏုဇီဝသက်ရှိများနှင့် အစားအစာအချဉ် ဖောက်နည်းပညာ

တိုကျိုစိုက်ပျိုးမွေးမြူရေးတက္ကသိုလ်၏ အဓိကပံ့ပိုးမှုများ

၁။ လက်တွေ့အသုံးချ စိုက်ပျိုးရေးသုတေသန။ လယ်ယာထုတ်လုပ်မှုတွင် တိုက်ရိုက်အသုံးချနိုင်သည့် နည်းပညာများ ဖော်ထုတ်ခြင်း၊

၂။ အစားအစာနှင့် အချဉ်ဖောက်ခြင်းဆိုင်ရာ သုတေသန။ အစားအစာထုတ်လုပ်ခြင်း၊ အချဉ်ဖောက်ခြင်း၊ အရည်အသွေးမြှင့်တင်ခြင်းနှင့် အစားအစာဘေးကင်းလုံခြုံရေးတို့ကို သုတေသနပြုခြင်း၊

၃။ စိုက်ပျိုးရေးလူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေး။ စိုက်ပျိုးရေးသိပ္ပံပညာရှင်များ၊ အင်ဂျင်နီယာများ၊ သုတေသီများနှင့် စိုက်ပျိုးမွေးမြူ စီးပွားရေးပညာရှင်များ မွေးထုတ်ပေးခြင်း၊

၄။ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး။ ဖွံ့ဖြိုးဆဲ နိုင်ငံများတွင် စိုက်ပျိုးရေးပညာရေးနှင့် သုတေသနလုပ်ငန်းများကို ပံ့ပိုးကူညီပေးခြင်း၊

၅။ စက်မှုလုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်ရေး။ တက္ကသိုလ်သုတေသီများနှင့် ပဉ္စလိကစီးပွားရေးလုပ်ငန်းများအကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ခြင်း။

အရေးကြီးသောအချက်မှာ တက္ကသိုလ်၏ သုတေသနလုပ်ငန်းများကို လက်တွေ့အသုံးချနိုင်ရေးနှင့် လူမှုစီးပွားရေးလိုအပ်ချက်များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းဖြစ်ပါသည်။

ဤတိုကျိုနိုဒိုင်း Tokyo NODAI ပဉ္စလိက တက္ကသိုလ်၏ စိုက်ပျိုးမွေးမြူရေးသုတေသနလုပ်ငန်းများကို ဖွဲ့စည်းဆောင်ရွက်ပုံ

အရေးကြီးသော အဖွဲ့အစည်းတစ်ခုမှာ နိုဒိုင်း သုတေသနဌာန (Nodai Research Institute – NRI) ဖြစ်ပါသည်။

ဤသုတေသနအဖွဲ့အစည်းသည် တက္ကသိုလ်အတွင်းရှိ သုတေသနလုပ်ငန်းများကို ပံ့ပိုးပေးပြီး ပညာရှင်များနှင့် ပဉ္စလိကစက်မှုလုပ်ငန်းများအကြား ပူးပေါင်းဆောင်ရွက်မှုကို ဖြင့်တင်ပေးပါသည်။

အဓိကလုပ်ငန်းတာဝန်များ

လုပ်ငန်းတာဝန်	ဆောင်ရွက်ချက်များ
သုတေသနဖွံ့ဖြိုးရေး	ဆန်းသစ်တီထွင်သော သုတေသနစီမံကိန်းများ ဖော်ဆောင်ခြင်း
ပူးတွဲသုတေသန	ပဉ္စလိကကုမ္ပဏီများနှင့် သုတေသန ပူးပေါင်းခြင်း
နည်းပညာလွှဲပြောင်းရေး	သုတေသနရလဒ်များကို လက်တွေ့လုပ်ငန်းများသို့ လွှဲပြောင်းခြင်း
ဥာဏ်ပစ္စည်းမူပိုင်ခွင့်	တီထွင်ဆန်းသစ်မှုများကို မူပိုင်ခွင့် ကာကွယ်ခြင်း
သုတေသနရန်ပုံငွေ	ပြင်ပသုတေသနရန်ပုံငွေများ ရယူခြင်း
လူငယ်သုတေသီများ ဖွံ့ဖြိုးရေး	လူငယ်သိပ္ပံပညာရှင်များကို ပံ့ပိုးခြင်း
သုတေသနရလဒ် ဖြန့်ဝေရေး	သုတေသနစာတမ်းများ ထုတ်ဝေခြင်းနှင့်ဆွေးနွေးပွဲများ ကျင်းပခြင်း

အထူးစိတ်ဝင်စားဖွယ်ကောင်းသည်မှာ ဤတက္ကသိုလ် Tokyo NODAI တွင် ပဉ္စလိက ကုမ္ပဏီများမှ ရန်ပုံငွေပံ့ပိုးသည့် သုတေသန၊ ကုမ္ပဏီများ၏ သုတေသနလုပ်ငန်းများကို လက်တွေ့အသုံးချနိုင်ရေးနှင့် လူမှုစီးပွားရေးလိုအပ်ချက်များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းဖြစ်ပါသည်။

ဤတိုကျိုနိုဒိုင်း Tokyo NODAI ပဉ္စလိက တက္ကသိုလ်၏ စိုက်ပျိုးမွေးမြူရေးသုတေသနလုပ်ငန်းများကို ဖွဲ့စည်းဆောင်ရွက်ပုံ

အရေးကြီးသော အဖွဲ့အစည်းတစ်ခုမှာ နိုဒိုင်း သုတေသနဌာန (Nodai Research Institute – NRI) ဖြစ်ပါသည်။

ဤသုတေသနအဖွဲ့အစည်းသည် တက္ကသိုလ်အတွင်းရှိ သုတေသနလုပ်ငန်းများကို ပံ့ပိုးပေးပြီး ပညာရှင်များနှင့် ပဉ္စလိကစက်မှုလုပ်ငန်းများအကြား ပူးပေါင်းဆောင်ရွက်မှုကို ဖြင့်တင်ပေးပါသည်။

> ❝ ဂျပန်နိုင်ငံသည် စိုက်ပျိုးရေးသုတေသနနှင့် နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အစိုးရတစ်ခုတည်းကသာ တာဝန်ယူဆောင်ရွက်ခြင်းမဟုတ်ဘဲ ပဉ္စလိကတက္ကသိုလ်များ၊ ပဉ္စလိက ကုမ္ပဏီများ၊ တောင်သူလယ်သမားသမဝါယမအသင်းများ၊ စားသောက်ကုန်လုပ်ငန်းများနှင့် အစိုးရသုတေသနဌာနများ ပူးပေါင်းဆောင်ရွက်သည့် စနစ်တစ်ခုကို ဖော်ဆောင်ထားသော နိုင်ငံတစ်နိုင်ငံဖြစ် ❞

> ❝ စိုက်ပျိုးမွေးမြူရေး အဓိကဖြစ်သော စာရေးသူတို့ နိုင်ငံတွင် ပဉ္စလိက ကိုယ်ပိုင်အထက်တန်းကျောင်း၊ နိုင်ငံတကာကျောင်း၊ ပဉ္စလိကကောလိပ်၊ တက္ကသိုလ်များစွာ ရှိနေသော်လည်း စိုက်ပျိုး၊ မွေးမြူရေးနှင့်ပတ်သက်၍ သင်ကြား၊ သုတေသနပြုနေသော ပဉ္စလိကကျောင်း၊ ကောလိပ်၊ တက္ကသိုလ် တစ်ခုမှ ရှိမနေခြင်းပင်ဖြစ် ❞

ပူးပေါင်း၍ စက်ကိရိယာများ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နိုင်သည်။

- ဇီဝနည်းပညာကုမ္ပဏီတစ်ခုသည် အဏုဇီဝဗေဒပညာရှင်များနှင့် ပူးပေါင်း၍ အသုံးဝင်သော အဏုဇီဝသက်ရှိများကို ဖော်ထုတ်နိုင်သည်။

ဤပုံစံတွင် တက္ကသိုလ်မှ သုတေသနပညာရှင်များနှင့် သိပ္ပံပညာဗဟုသုတများ ပံ့ပိုးပေးပြီး ကုမ္ပဏီများက ရန်ပုံငွေ၊ နည်းပညာ၊ စက်ပစ္စည်းနှင့် လက်တွေ့လုပ်ငန်းအတွေ့အကြုံများ ပံ့ပိုးပေးခြင်းဖြစ်ပါသည်။

စာရေးသူ၏အတွေး

စိုက်ပျိုးမွေးမြူရေး အဓိကဖြစ်သော စာရေးသူတို့ နိုင်ငံတွင် ပဉ္စလိက ကိုယ်ပိုင်အထက်တန်းကျောင်း၊ နိုင်ငံတကာကျောင်း၊ ပဉ္စလိကကောလိပ်၊ တက္ကသိုလ်များစွာ ရှိနေသော်လည်း **စိုက်ပျိုး၊ မွေးမြူရေးနှင့်ပတ်သက်၍ သင်ကြား၊ သုတေသနပြုနေသော ပဉ္စလိကကျောင်း၊ ကောလိပ်၊ တက္ကသိုလ် တစ်ခုမှ ရှိမနေခြင်းပင်ဖြစ်ပါသည်။**

နိုင်ငံတော်အစိုးရ၏ စိုက်ပျိုးမွေးမြူရေးသုတေသနလုပ်ငန်းများကို ပဉ္စလိက ပညာရေးမှ တစ်စိတ်တစ်ပိုင်း ကူညီဆောင်ရွက်ပေးလျှင်ကော။ ။

ပြည်ပရောက်မဲဆန္ဒရှင်များမှ ပုံစံ (၁၅) များကို သက်ဆိုင်ရာသံရုံးများတွင် စတင်ထုတ်ယူနိုင်မည့် နေ့ရက်၊ အချက်အလက်ဖြည့်သွင်းပြီးသည့် ပုံစံ (၁၅) များကို သက်ဆိုင်ရာသံရုံးများသို့ ပေးပို့နိုင်မည့်နေ့ရက်များ ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် (၇၀ / ၂၀၂၆)
၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက်
(၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်)

ပြည်ပရောက်မဲဆန္ဒရှင်များမှ ပုံစံ (၁၅) များကို သက်ဆိုင်ရာသံရုံးများတွင် စတင်ထုတ်ယူနိုင်မည့် နေ့ရက်၊ အချက်အလက်ဖြည့်သွင်းပြီးသည့် ပုံစံ (၁၅) များကို သက်ဆိုင်ရာ သံရုံးများသို့ ပေးပို့နိုင်မည့်နေ့ရက်များ ထုတ်ပြန်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကြားဖြတ်ရွေးကောက်ပွဲကို ၂၀၂၇ ခုနှစ်၊ ဧပြီလ ၄ ရက် (တနင်္ဂနွေနေ့) တွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၈၂ (က) အရ အောက်ပါနေ့ရက်များကို ထုတ်ပြန်ကြေညာလိုက်သည်-

(၁) ပြည်ပရောက်မဲဆန္ဒရှင်များမှ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရေးအတွက် ပုံစံ (၁၅) များကို သက်ဆိုင်ရာသံရုံးများတွင် စတင်ထုတ်ယူနိုင်မည့်နေ့ရက် — ၁၁ - ၁၁ - ၂၀၂၆

[ပုံစံ (၁၅) များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် Website၊ နိုင်ငံခြားရေးဝန်ကြီးဌာန Website နှင့် သက်ဆိုင်ရာသံရုံး Website များမှလည်း Download ရယူနိုင်ပါသည်။]

(၂) ပြည်ပရောက်မဲဆန္ဒရှင်များမှ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရေးအတွက် အချက်အလက်ဖြည့်သွင်းပြီးသည့် ပုံစံ (၁၅) များကို သက်ဆိုင်ရာသံရုံးများသို့ ပေးပို့နိုင်မည့်နေ့ရက် — ၁၂ - ၁၁ - ၂၀၂၆ မှ ၂ - ၁၂ - ၂၀၂၆

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

လွှတ်တော်လုပ်ငန်းစဉ်များနှင့် ကျင့်ဝတ်စည်းကမ်းများ နိုင်ငံတကာစံနှုန်းနှင့်အညီ ကျင့်သုံးနိုင်ရေး ရှင်းလင်းတင်ပြ

နေပြည်တော် နိုဝင်ဘာ ၁၀

ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်အခွင့်အရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်အုန်း က နိုင်ငံတကာလွှတ်တော်များတွင် ကျင့်သုံးလျက်ရှိသော မေးခွန်း မေးမြန်းခြင်း၊ အဆိုတင်သွင်းခြင်းဆိုင်ရာ လွှတ်တော်လုပ်ထုံးလုပ်နည်းများနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ကျင့်ဝတ်စည်းကမ်း (Code of Conduct -COC) ဆိုင်ရာ ရှင်းလင်းတင်ပြခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ သဘင်ဆောင်၌ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။





ရှင်းလင်းတင်ပြပွဲတွင် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက လွှတ်တော်၏ အဓိကတာဝန်များဖြစ်သည့် ဥပဒေပြုရေး၊ ပြည်သူကိုယ်စားပြုရေးနှင့် အုပ်ချုပ်ရေးအဖွဲ့အပေါ် စောင့်ကြည့်ထိန်းကျောင်းရေးတို့၌ မေးခွန်းမေးမြန်းခြင်းနှင့် အဆိုတင်သွင်းခြင်း၏ အရေးပါမှုကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အမေရိကန်၊ ဗြိတိန်၊ အိန္ဒိယနှင့် ထိုင်းနိုင်ငံတို့၏ လွှတ်တော်လုပ်ထုံးလုပ်နည်းများကို အကျဉ်းချုပ် နှိုင်းယှဉ်တင်ပြပြီး မြန်မာနိုင်ငံ ပြည်သူ့လွှတ်တော် နည်းဥပဒေများပါ မေးခွန်းဆိုင်ရာ ပြဋ္ဌာန်းချက်များ (နည်းဥပဒေ ၁၃၉ မှ ၁၄၅) နှင့် အဆိုဆိုင်ရာ ပြဋ္ဌာန်းချက်များ (နည်းဥပဒေ ၁၅၅ မှ ၁၅၈) တို့အား အခြေခံ၍ လိုက်နာရမည့် သတ်မှတ်ချက်များ၊ လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ကျင့်ဝတ်စည်းကမ်း (Code of Conduct -COC) နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များသည် မိမိတို့၏ တာဝန်များကို ထမ်းဆောင်ရာတွင် ရိုးသားဖြောင့်မတ်မှု၊ တာဝန်ယူမှု၊ ပွင့်လင်းမြင်သာမှုနှင့် အများပြည်သူအကျိုးကို ဦးစားပေးမှုတို့ကို အခြေခံ၍ ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ရာထူးနှင့် လုပ်ပိုင်ခွင့်ကို ကိုယ်ကျိုးအတွက် အသုံးချခြင်းနှင့် အကျိုးစီးပွားပဋိပက္ခဖြစ်ပေါ်စေခြင်းများကို ရှောင်ကြဉ်ရန် လိုအပ်ကြောင်း၊ ကျင့်ဝတ်စည်းကမ်းများသည် လွှတ်တော်၏ ဂုဏ်သိက္ခာနှင့် ပြည်သူ့ယုံကြည်မှုကို ထိန်းသိမ်းရာတွင် အဓိကကျကြောင်း၊ လွှတ်တော်အနေဖြင့် မဟာဗျူဟာ(၅)နှစ် စီမံကိန်းကို ရေးဆွဲဆောင်ရွက်လျက်ရှိပြီး နိုင်ငံတကာလွှတ်တော်များနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသည့်အပြင် ပြည်ပခရီးစဉ်များကိုလည်း စေလွှတ်ပေးလျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာသည့် ကိုယ်စားလှယ်များ၏ မေးမြန်းဆွေးနွေးမှုများကို ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



❍ *ရှေ့ဖုံးမှ*

ယင်းနောက် ဒေသခံတောင်သူများနှင့် တွေ့ဆုံကာ မိုးစပါးရိတ်သိမ်းထွက်ရှိမှု၊ စပါးဈေးရရှိမှုနှင့် တောင်သူများ၏ လိုအပ်ချက်များကို မေးမြန်းဆွေးနွေးပြီး ဆိုလာရောတင်စီမံကိန်းသည် တောင်သူများအတွက် စိုက်ပျိုးရေးလုပ်စေရေး၊ စိုက်ပျိုးစရိတ်လျှော့ချနိုင်ရေးနှင့် သီးနှံစိုက်ပျိုးမှု တိုးချဲ့နိုင်ရေးတို့အတွက် အထောက်အကူပြုသည့်အတွက် စီမံကိန်းရေရှည်တည်တံ့စေရေးကို ပိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်ကြရန်နှင့် သက်ဆိုင်ရာဌာနများအနေဖြင့်လည်း တောင်သူများနှင့်ပူးပေါင်းကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြရန် မှာကြားသည်။

ထို့နောက် ဖျာပုံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင်ပြုလုပ်သည့် ဖျာပုံခရိုင်အတွင်း စိုက်ပျိုးထုတ်လုပ်မှုဖြင့်မားရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

ထိုမှတစ်ဆင့် ဖျာပုံမြို့ ဆရာဇော်ဂျီရာပြည့်စာကြည့်တိုက် ဗေဒါခန်းမတွင်ပြုလုပ်သည့် စာဖတ်ရှုနိုးဖြင့်တင်ရေး ဆောင်ရွက်ထားရှိမှုအား ရှင်းလင်းတင်ပြခြင်းအစီအစဉ်သို့ တက်ရောက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က စာဖတ်ရှုနိုးဖြင့်တင်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရေးအတွက် သုတ၊ ရသစာအုပ်များနှင့် အလှူငွေများ ပေးအပ်လှူဒါန်းခဲ့သည်။

ဆက်လက်၍ ဖျာပုံမြို့ပြသူ့ဆေးရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျောက်ကပ်သွေးသန့်စင်ခန်း၌ ကျောက်ကပ်သွေးသန့်စင်နေသည့်လူနာများ၊ ကလေးကုသဆောင်၌ တက်ရောက်ကုသနေသည့် ကလေးလူနာများကို ကြည့်ရှုအားပေးစကားများ ပြောကြားကာ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

"လှပသာယာ ပြည်မြန်မာ" ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုရရှိသူများစာရင်း ထုတ်ပြန်

နေပြည်တော် နိုဝင်ဘာ ၁၀

၂၀၂၇ ခုနှစ် (၇၉) နှစ်မြောက် လွှတ်လပ်ရေးနေ့အထိမ်းအမှတ် **"လှပသာယာ ပြည်မြန်မာ"** ရောင်စုံဓာတ်ပုံပြိုင်ပွဲကို ၂၀၂၆ ခုနှစ် ဩဂုတ် ၂၅ ရက်မှ အောက်တိုဘာ ၃၁ ရက်အထိ ဖိတ်ခေါ်ခဲ့ရာ မြန်မာနိုင်ငံတစ်ဝန်းမှ ပြိုင်ပွဲဝင် ၁၈၀ က ဓာတ်ပုံပေါင်း ၄၉၀ ကို ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲဝင်ဓာတ်ပုံများကို နိုဝင်ဘာ ၉ ရက်တွင် ဓာတ်ပုံပညာရှင်များက ဆုများစီစစ်ရွေးချယ်ခဲ့ရာ ပထမဆု ဦးအောင်မြင့်၊ ဒုတိယဆု ဦးအောင်မင်း(ခ) ဦးစောအောင်မင်း၊ တတိယဆု ဟိန်းလတ်ကျော်(ခ) ပုံပွဲ တို့က ရရှိခဲ့ကြသည်။

အထူးဆုများအဖြစ် အောင်ကျော်ထွန်း(ပုသိမ်ကြီး)၊ ကျော်နိုင်လင်း(လရိပ်ပြာ)၊ ဇော်ဇော်ကောင်း၏၊ ဦးတင်ကိုဝင်း၊ ရွှေအင်းသားခင်မောင်ဝင်း တို့က ရရှိခဲ့ကြသည်။ ဆုရရှိသူများအား ပြန်ကြားရေးနှင့်ပြည်သူဆက်ဆံရေးဦးစီးဌာနက ဆုများ ထိုက်တန်စွာချီးမြှင့်သွားမည်ဖြစ်ကြောင်းနှင့် ဆုပေးပွဲကျင်းပမည့်ရက်အား ထပ်မံအသိပေး အကြောင်းကြားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



အိမ်တွင်းသုံးရေ ချွေတာရေး

အဝတ်လျှော်ရာတွင် တစ်ထည်ချင်း/နှည်းနည်းချင်း မလျှော်ဘဲ ပေါင်းလျှော်ပါ။ အဝတ်လျှော်စက်သုံးလျှင် တစ်ခါတည်းရပြီး လျှော်ပါ။ ပန်းကန်ဆေးစက် အသုံးပြုရာတွင်လည်း စက်က ဆေးကြောနိုင်သည့် ပန်းကန်အရေအတွက်အထိစောင့်၍ စုစည်းဆေးကြောပါ။

ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC) ၏ ဌာနေကိုယ်စားလှယ်နှင့် အဖွဲ့အား လက်ခံတွေ့ဆုံ



နေပြည်တော် နိုဝင်ဘာ ၁၀

စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယနေ့နံနက် ပိုင်းတွင် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC) ၏ ဌာနေကိုယ်စားလှယ်ဖြစ်သူ Mr. Arnaud de Baecque နှင့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော် ရုံးအမှတ်(၁၅) ရှိ ပြည်ထောင်စုဝန်ကြီးရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (ယာဝုံ)

တွေ့ဆုံစဉ် ဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC) တို့အကြား "မြန်မာနိုင်ငံဒေသတွင်း ပဋိပက္ခဒဏ်ခံရသူများအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် လုပ်ငန်းအထောက်အကူပြုပစ္စည်းများ ဖွံ့ဖြိုးရေးအစီအစဉ်" ပူးပေါင်းဆောင်ရွက်နေမှုများနှင့် စိမ်ကိန်းဒေသများတွင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံရာသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

အာဆီယံအဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့၏ (၂၂) ကြိမ်မြောက် အကြီးအမှူးများ အစည်းအဝေးကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၀

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပသည့် အာဆီယံအဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့၏ (၂၂) ကြိမ်မြောက် အကြီးအမှူးများ အစည်းအဝေးကို ယနေ့နံနက်ပိုင်း တွင် နေပြည်တော်ရှိ Jasmine Naypyitaw Hotel ၌ ကျင်းပသည်။

ဦးစွာ ASEAN–PAC ၏ (၂၁)ကြိမ်မြောက် အကြီးအမှူးများ အစည်းအဝေး၌ အလှည့်ကျဥက္ကဋ္ဌ တာဝန် ထမ်းဆောင်ခဲ့သည့် မလေးရှားနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြား သည်။

ထို့နောက် ASEAN–PAC ၏ (၂၂)ကြိမ်မြောက် အကြီးအမှူးများ အစည်းအဝေး၌ အလှည့်ကျဥက္ကဋ္ဌ တာဝန်ထမ်းဆောင်မည့် မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌဦးစိုးသိန်းက အမှာစကား ပြောကြားရာတွင် မိမိတို့အနေဖြင့် အာဆီယံဒေသတွင်း ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေးနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းများကို ပူးပေါင်း ဆောင်ရွက်နိုင်ရေး အတွက် ဘုံကတိကဝတ်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် ယခုကဲ့သို့ ASEAN–PAC အစည်းအဝေးသို့ ပါဝင် တက်ရောက်၍ ဆွေးနွေးပေးကြမည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များအား နွေးထွေးစွာ ကြိုဆိုပါကြောင်း။



ယနေ့ကျင်းပသည့် အစည်းအဝေးသည် အဖွဲ့ဝင်နိုင်ငံများ အကြား ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာစေရန်နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်း များအတွက်အတွေ့အကြုံကောင်း များကို အပြန်အလှန် မျှဝေနိုင်ရန် အရေးကြီးသော အခွင့်အလမ်း တစ်ရပ်ဖြစ်ကြောင်း၊ အထူးသဖြင့် ယနေ့အစည်းအဝေး၏ ရည်ရွယ် ချက်ဖြစ်သည့် "လူငယ်များ၏ ဖြောင့်မတ် တည်ကြည်မှုကို မြှင့်တင်၍ အဂတိကင်းစင်သော အနာဂတ်ကို တည်ဆောက်ကြ ပါစို့" ဆိုသည့် ရည်မှန်းချက်ကို လက်တွေ့အကောင်အထည်ဖော် နိုင်ရန် မိမိတို့အားလုံးက ဆက် လက်ပူးပေါင်း ဆောင်ရွက်ကြ ရမည်ဖြစ်ကြောင်း၊ လူငယ်များ၏ ပါဝင်မှုသည် အဂတိကင်းစင်သည့် လူ့အဖွဲ့အစည်း တည်ဆောက်ရေး အတွက် အရေးပါသော အင်အား တစ်ရပ်ဖြစ်ကြောင်း၊ ထို့ကြောင့် အာဆီယံဒေသအတွင်း လူငယ် များ၏ ဖြောင့်မတ်တည်ကြည်မှု ကိုမြှင့်တင်ပြီး အဂတိလိုက်စားမှု ကို လုံးဝလက်မခံသည့် ယဉ်ကျေးမှု တစ်ရပ်ကို အတူတကွ ဖော်ဆောင် ကြရန် တိုက်တွန်းလိုကြောင်း၊ ယနေ့အစည်းအဝေးမှ အကျိုးရှိ သည့် ဆွေးနွေးမှုများ၊ အတွေ့ အကြုံများနှင့် လက်တွေ့အကောင် အထည်ဖော်နိုင်သည့် ပူးပေါင်း ဆောင်ရွက်မှုများ ပေါ်ထွက်လာ မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။ **(အောက်ဝဲပို့)**

ယင်းနောက် ASEAN–PAC ၏ (၂၁)ကြိမ်မြောက် အကြီးအမှူးများ အစည်းအဝေး၌ အလှည့်ကျ ဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ခဲ့သည့် မလေးရှားနိုင်ငံ အဂတိလိုက်စား မှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌက ASEAN–PAC ၏ (၂၂) ကြိမ်မြောက် အကြီးအမှူးများ အစည်းအဝေး၌ အလှည့်ကျဥက္ကဋ္ဌ တာဝန်ထမ်းဆောင်မည့် မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက် ရေးကော်မရှင်ဥက္ကဋ္ဌထံ ASEAN–PAC ၏ အလှည့်ကျဥက္ကဋ္ဌ တာဝန်ကို လွှဲပြောင်းပေးအပ် သည်။

ဆက်လက်၍ မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌက အစည်းအဝေး တက်ရောက် လာကြသူများကို ASEAN–PAC ၏ (၂၂) ကြိမ်မြောက် အထိမ်းအမှတ် လက်ဆောင်ပစ္စည်း များပေးအပ်ကာ စုပေါင်းမှတ်တမ်း တင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် မလေးရှားနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်မှ အလှည့်ကျဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ခဲ့သည့် ကာလ အတွင်း ASEAN–PAC ၏ အကောင် အထည်ဖော် ဆောင်ရွက်ခဲ့မှုများ ကိုလည်းကောင်း၊ ဘရူနိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ အင်ဒိုနီးရှား နိုင်ငံ၊ လာအိုနိုင်ငံ၊ မလေးရှားနိုင်ငံ၊ မြန်မာနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ စင်ကာပူ နိုင်ငံ၊ ထိုင်းနိုင်ငံ၊ တီမောလက်စ်တေနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ အစိုးရ စုံစမ်းစစ်ဆေးရေးဌာန၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်၊ တိုင်ကြားစာများ စုံစမ်း စစ်ဆေးရေးဌာနနှင့် အဂတိ လိုက်စားမှု တိုက်ဖျက်ရေးဗျူရိုတို့မှ တာဝန်ရှိသူများက အကောင် အထည်ဖော် ဆောင်ရွက်လျက်ရှိ သည့် အဂတိလိုက်စားမှုတိုက်ဖျက် ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြ ကြပြီး အစည်းအဝေးပထမနေ့ကို ရပ်သိမ်းလိုက်သည်။

ညပိုင်းတွင် မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌက အစည်းအဝေး သို့ တက်ရောက်လာကြသည့် အာဆီယံနိုင်ငံများမှ ကိုယ်စား လှယ်များကို ညစာဖြင့် တည်ခင်း ဧည့်ခံခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ရေလှောင်တမံများ၏ ဘေးကင်းလုံခြုံရေး ကြပ်မတ်ဆောင်ရွက်



နေပြည်တော် နိုဝင်ဘာ ၁၀

ပြည်ထောင်စုနယ်မြေ ဇေယျာသီရိမြို့နယ် ပေါင်းလောင်းရေလှောင်တမံနှင့် ဆက်စပ်ရေအားအဆောက် အအုံများ ပုံမှန်ထိန်းသိမ်းစစ်ဆေး ဆောင်ရွက်ထားရှိမှု၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ပေါင်းလောင်း ရေပိုလွှဲ အောက်ပိုင်းအထွက် လက်ဝဲဘက်ခြမ်း မူလ ကျောက်သားကုန်း ရေတိုက်စားမှုဒဏ်ခံနိုင်ရေး ပြုပြင်ဆောင်ရွက်မည့် အခြေအနေ၊ ရေလွှဲဆည်နှင့် ဆည်ရေသောက်စနစ်အား ပြုပြင်ထိန်းသိမ်းခြင်း ဆောင်ရွက်မည့်လုပ်ငန်းများ၊ အထက်ပေါင်းလောင်း တမံနှင့် အောက်ပေါင်းလောင်းတမံတို့၏ ရေသိုလှောင်ထားရှိမှုနှင့် ဝင်ရေထွက်ရေ ချိန်ညှိဆောင်ရွက် နေမှုတို့ကို ယနေ့မွန်းလွဲပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလိမိုလ်ကျော် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်များကြောင့် အချိန်တိုအတွင်း ရုတ်တရက် မိုးကြီးရေလျှံမှုများ ဖြစ်ပေါ်လာပါက အရေးပေါ်တုံ့ပြန် ဆောင်ရွက်ရေး အစီအစဉ်အတိုင်း ဆောင်ရွက်သွား ကြရန်၊ တမံအောက်ပိုင်းရှိ ရေစိမ့်မှုအခြေအနေအား ဗွိနော့ (V–notch) ဖြင့် တိုင်းတာခြင်း (Leakage Measurement)၊ သိုလှောင်ရေနှင့် မြေအောက်ရေ ဆက်စပ်မှုအခြေအနေအား တိုင်းတာခြင်း (Observation Well Measurement)၊ တမံရွှေ့လျားမှု/ နိမ့်ကျမှု/ ပြောင်းလဲမှု အခြေအနေများအား တိုင်းတာခြင်း (Deformation Measurement) စသည့် Dam Monitoring စောင့်ကြည့်တိုင်းတာစစ်ဆေးမှုများအား ပုံမှန်ဆောင်ရွက်ကြရန်၊ တမံအတွင်း စီးဝင်ရေကို အလေးဂရုပြု စောင့်ကြည့်၍ HED ရေတံခါးများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ချိန်ညှိဆောင်ရွက်ရန်၊ HED ရေတံခါးနှင့် ဆက်စပ်ပစ္စည်းများ ကြံ့ခိုင်မှုနှင့် လုပ်ငန်းဆောင်ရွက်နိုင်မှု အခြေအနေများကို စစ်ဆေးရန်၊ တမံကြံ့ခိုင်ရေးနှင့် လုံခြုံရေးတို့ကို စဉ်ဆက်မပြတ် သတိပြုစောင့်ကြည့်ရန် တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

ယမန်နေ့ကလည်း ဥတ္တရသီရိမြို့နယ် ကျွဲရှင်း ကျေးရွာအနီးရှိ ငလိုက်ရေလှောင်တမံကြံ့ခိုင်မှု၊ ဝင်ရေသိုလှောင်ထားရှိမှု၊ ပင်မရေပိုလွှဲမှ ရေကျော်စီးဆင်းခဲ့မှု စိုက်ပျိုးရေပေးဝေရန် စီမံဆောင်ရွက်ထားရှိမှု၊ တမံတည်ဆောက်စဉ်က ထည့်သွင်းထားရှိသည့် ရေစစ်သဲလွှာနှင့် ရေစစ်ကျောက်ရိုးများမှ ရေစိမ့်ထွက်မှုအား စောင့်ကြည့်တိုင်းတာရန် တပ်ဆင်ထားသည့် ဗွိနော့ (V–notch) အား ကြည့်ရှုစစ်ဆေးသည်။

အလားတူ ဖောင်းလောင်ရေလှောင်တမံ ကြံ့ခိုင်မှုအခြေအနေနှင့် တမံကိုယ်ထည်အတွင်း ရေစိမ့်ဝင်မှု တိုင်းတာစစ်ဆေးနိုင်သည့် တွင်း (ပီဇို မီတာဝဲ– Piezometer Well)များ၊ ဗွိနော့ (V–notch) များ တိုင်းတာစစ်ဆေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ရေလှောင်တမံနှင့် ဆက်စပ်ရေအား အဆောက်အအုံများ အားလုံးကြံ့ခိုင်မှုရှိစေရေးနှင့် နေ့စဉ်မျက်မြင်စစ်ဆေးခြင်း (Dam Surveillance) လုပ်ငန်းများကို တိကျစွာဆောင်ရွက်ရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❖ သဘာဝကပေး ရေချိုအေး၊ ခန်းခြောက်မသွားအောင် ထိန်းသိမ်းပေး။ ❖ မိုးခေါင်ရေရှား ရင်ဆိုင်ငြားက ရေချိုစုဆောင်း နှောင်ရေးကောင်း၏။

ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် မွန်ပြည်နယ် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ ရှင်းလင်းဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၁၀

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် တိကျမှန်ကန်သည့် လူဦးရေစာရင်းများရရှိရန် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုဗဟိုကော်မတီနှင့် ကော်မတီအဆင့်ဆင့်ကိုဖွဲ့စည်းကာ မဲဆန္ဒရှင်စာရင်းမှန်ကန်ရေးအတွက် အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ယခု နိုင်ငံတော်အစိုးရလက်ထက်တွင်လည်း အဆိုပါကော်မတီအဆင့်ဆင့်ကို ဇူလိုင်လအတွင်းက ပြန်လည်ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း ယနေ့နံနက် ၉ နာရီက မော်လမြိုင်မြို့ မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ကျင်းပသည့် မွန်ပြည်နယ် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှု ဗဟိုကော်မတီဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က ပြောကြားသည်။





ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ၂၀၂၇ ခုနှစ် ဇွန် ၄ ရက်တွင် ကြားဖြတ်ရွေးကောက်ပွဲကျင်းပမည်ဖြစ်ရာ မွန်ပြည်နယ်အနေဖြင့် ကျိုက်မရောမြို့နယ်တွင် ကြားဖြတ်ရွေးကောက်ပွဲကျင်းပသွားမည်ဖြစ်ပါကြောင်း၊ ယင်းသို့ ရွေးကောက်ပွဲကျင်းပရာတွင် အဓိကကျသည့် မဲဆန္ဒရှင်စာရင်းမှန်ကန်ရေးအတွက် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီအဆင့်ဆင့်က ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ယင်းကဲ့သို့ မဲဆာရင်းပြုစုနိုင်ရန် လူဦးရေစာရင်းများ ပြုစုရာတွင် မြို့နယ်ဦးစီးမှူးရုံးများရှိ အိမ်ထောင်စုလူဦးရေစာရင်းကို အခြေခံပြုစုရသည့်အတွက် အိမ်ထောင်စုလူဦးရေစာရင်းပါအချက်အလက်များ မှန်ကန်ရန်လိုအပ်ပါကြောင်း၊ လူဦးရေအတိုးအလျှော့၊ ပြောင်းဝင်ပြောင်းထွက်၊ သေဆုံးပယ်ဖျက် စာရင်းများကို သတ်မှတ်ချက်နှင့်အညီ ကာယကံရှင်က ဆောင်ရွက်ပေးရန် လိုအပ်သကဲ့သို့ ကော်မတီအဆင့်ဆင့်က လည်း ကာယကံရှင်များအနေဖြင့် သက်ဆိုင်ရာရုံးများသို့ အသိပေးဆောင်ရွက်နိုင်ရေး တိုက်တွန်းနှိုးဆော်ကာ လိုအပ်သလို ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ဌာနအလိုက် ပါဝင်ဖွဲ့စည်းထားသည့် ကော်မတီဝင်အချင်းချင်းက အချိန်နှင့်အမျှ ပြောင်းလဲနေသည့် လူဦးရေစာရင်းကို အမြဲမပြတ် ညှိနှိုင်းပေါင်းစပ်ကာ မှန်ကန်သည့် လူဦးရေစာရင်း အတည်ပြုပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ရှင်းလင်းဆွေးနွေး ပြောကြားသည်။ **(အပေါ်ပို့)**

ဆက်လက်၍ မွန်ပြည်နယ် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီအဆင့်ဆင့်နှင့် မြေပြင်တစ်အိမ်တက်ဆင်း ကွင်းဆင်းကောက်ယူရေးအဖွဲ့များ ဖွဲ့စည်းထားရှိမှုနှင့် ဗဟိုကော်မတီ၏ ညွှန်ကြားချက်များနှင့် အညီ အတည်ပြုလူဦးရေစာရင်း ပြုစုပေးပို့ရေး အတွက် ပြည်နယ်အတွင်းရှိ ကော်မတီအဆင့်ဆင့်က ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည့် အခြေအနေနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြသည်။

ထို့နောက် တာဝန်ရှိသူများက ကော်မတီအဆင့်ဆင့်၏ လုပ်ငန်းတာဝန်များဆောင်ရွက်နေမှု မဲစာရင်းမှန်ကန်ရေးနှင့် ကြားဖြတ်ရွေးကောက်ပွဲကျင်းပမည့် ကျိုက်မရောမြို့နယ်၏ မဲစာရင်းအခြေအနေ၊ လုပ်ငန်းများ အောင်မြင်ရေးအတွက် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်သွားမည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

မွန်းလွဲပိုင်းတွင် မော်လမြိုင်မြို့နယ် ဦးစီးမှူးရုံးသို့ သွားရောက်၍ မြို့နယ်ရုံးအတွင်း၌ဝန်ထမ်းများက ဒေသခံပြည်သူများအား နိုင်ငံသားစိစစ်ရေးဆိုင်ရာနှင့် အိမ်ထောင်စုလူဦးရေစာရင်းဆိုင်ရာလုပ်ငန်းများ၊ e-ID စနစ်ဖြင့် UID ကောက်ယူဆောင်ရွက်မှု လုပ်ငန်းများအား လမင်းစိမ်ချက်ဖြင့် ဥပဒေနှင့်အညီ စိစစ်ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုအားပေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး မြို့နယ်ရုံးမှတ်တမ်းနန်းအတွင်း ကိုယ်ရေးမှတ်တမ်းများ စနစ်တကျထိန်းသိမ်းထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ သဘာဝဘေးအန္တရာယ်နှင့် ပိုးမွှားများအန္တရာယ် တားဆီးကာကွယ်ရေး နေ့စဉ်ကြပ်မတ် စစ်ဆေးဆောင်ရွက်ရန်မှာကြားကာ မြို့နယ်ရုံးဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်သည်။ **သတင်းစဉ်**

ဖလမ်းမြို့ ပြည်သူ့ဆေးရုံကြီးအတွင်းရှိ တစ်စိတ်တစ်ပိုင်းပျက်စီးသွားသည့် အဆောက်အအုံများ ပြုပြင်နေမှုနှင့် ယာယီဆေးရုံအတွက် ပြုပြင်ပြင်ဆင်နေမှုအား ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ကျော်ဟန် ကြည့်ရှုစစ်ဆေး

ဖလမ်း နိုဝင်ဘာ ၁၀

ဖလမ်းမြို့ပြည်သူ့ဆေးရုံကြီးဝင်းအတွင်းရှိ တစ်စိတ်တစ်ပိုင်းပျက်စီးသွားသည့် ခြောက်နန်းတွဲ နှစ်ထပ် ဝန်ထမ်းအိမ်ရာ ၅၀ ရာခိုင်နှုန်း ပြုပြင်ပြီးစီးမှု အခြေအနေကို ယနေ့နံနက်ပိုင်းက နယ်စပ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် ကျော်ကျော်ဟန်သည် ချင်းပြည်နယ် လုံခြုံရေးနှင့်နယ်စပ် ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ခင်မောင်ထွေး၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်း ကော်မတီဝင်များနှင့် အတူ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက လုပ်ငန်းများ အချိန်မီ ပြီးစီးအပ်နှံနိုင်ရေး ဆောင်ရွက်ရန်၊ လုပ်ငန်းများရာရှုန်း ပြည့်ပြီးစီးပါက သက်ဆိုင်ရာဌာန မှ စနစ်တကျ လွှဲပြောင်းလက်ခံရယူပြီး ဝန်ထမ်းများနေရာချထားနိုင်ရေး စီမံဆောင်ရွက်ရန် မှာကြားသည်။



ထိုမှတစ်ဆင့် ယာယီပြည်သူ့ဆေးရုံဖွင့်လှစ်ရန် ပြုပြင်နေသည့် အဆောက်အအုံများကို ကြည့်ရှုစစ်ဆေးရာ ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာ ချမ်းငြိမ်းမောင်က ခြောက်ခန်းတွဲ နှစ်ထပ် ဝန်ထမ်းအိမ်ရာတွင် ခွဲစိတ်ကုသဌာန၊ အရိုးကုသဌာန၊ သားဖွားမီးယပ်ကုသဌာန၊ သားဖွားခန်းနှင့် ဓာတ်မှန်ဌာနအတွက် အဆောက်အအုံပြုပြင်နေမှုများကို လည်းကောင်း၊ ရုံးခန်းတွဲ နှစ်ထပ်ဆောင် တွင် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံးနှင့် ဆေးဝါးဆေးပစ္စည်း သိုလှောင်ခန်းအတွက် ပြုပြင်နေမှုအခြေအနေကို လည်းကောင်း၊ လေးခန်းတွဲ နှစ်ထပ်ဆောင်တွင် ပြင်ပလူနာဌာန၊ ဆေးရုံအုပ်ရုံးခန်း၊ ဖျားနာကုသဆောင်၊ ကလေးရောဂါကုသဌာနနှင့် ဓာတ်ခွဲခန်းအတွက် ပြင်ဆင်ပြုပြင်နေမှုအခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ ယင်းအဆောက်အအုံများသည် ပြုပြင်ပြီးစီးမှု ၉၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်းနှင့် လာမည့် နှစ်ဆန်းတွင် ယာယီဆေးရုံဖွင့်လှစ်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ သူနာပြုသိပ္ပံသင်တန်းကျောင်းဝင်းအတွင်းရှိ သူနာပြုစာသင်ဆောင်–၂ နှစ်ထပ် ဆောင် ၈၅ ရာခိုင်နှုန်း ပြုပြင်ပြီးစီးမှုအခြေအနေနှင့် သင်တန်းခန်းမ ပြင်ဆင်ထားရှိမှု အခြေအနေများ၊ ကျောင်းအုပ်ကြီးရုံးခန်း ရာနှုန်းပြည့်ပြုပြင်ပြီးစီးမှု၊ ရုံးလုပ်ငန်း ဆောင်ရွက်မှုနှင့် သင်တန်းသူ အိပ်ဆောင်ပြုပြင်မှု အခြေအနေများကိုလည်းကောင်း၊ တစ်စိတ်တစ်ပိုင်း ပျက်စီးသွားသည့် သူနာပြုသိပ္ပံဘွဲ့နှင်းသဘင် ခန်းမပြုပြင်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ ကုမ္ပဏီတာဝန်ခံက လုပ်ငန်း ၅၅ ရာခိုင်နှုန်းပြုပြင်ပြီးစီးမှု အခြေအနေကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးက ပစ္စည်းအရည်အသွေး၊ အဆောက်အအုံ အရည်အသွေး ကောင်းမွန်ရေး၊ လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေး၊ စာချုပ်ပါ စည်းမျဉ်းစည်းကမ်း အတိုင်း လုပ်ငန်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ရေး ပေါင်းစပ်ညှိနှိုင်း မှာကြားသည်။

ယင်းနောက် ရာနှုန်းပြည့် ပြုပြင်ပြီးစီးသည့် ဆရာဝန်နေအိမ်၊ ဆေးရုံအုပ်နေအိမ်နှင့် အထူးကု ဆရာဝန်နေအိမ်များကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများ နေထိုင်နိုင်ရေး စီမံဆောင်ရွက်ရန် မှာကြားသည်။

ယမန်နေ့ကလည်း ဖလမ်းမြို့ စည်ပင်သာယာဈေးသို့ သွားရောက်၍ ဈေးရောင်းချနေမှု၊ ဈေးအတွင်းအပြင်နှင့် အသားနံများ သန့်ရှင်းရေးဆောင်ရွက်ထားရှိမှု၊ စည်ပင်သာယာဈေး အတွင်း၌ အသားငါးနှင့် ဒေသထွက် ဟင်းသီးဟင်းရွက်များ ရောင်းချနေမှုနှင့် ဈေးအပြင်ဘက် စည်ပင်သာယာဆိုင်ခန်းများတွင် ဈေးရောင်းချနေမှုများကို ကြည့်ရှုကာ ဒေသခံဈေးသူဈေးသားများနှင့် ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

(၃၉)ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများ လှူဒါန်းနိုင်

ရန်ကုန် နိုဝင်ဘာ ၁၀

မြန်မာနိုင်ငံစာရေးဆရာအသင်းသည် စာဆိုတော်နေ့ အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အသက်(၈၀) နှင့်အထက် သက်ကြီးစာပေပညာရှင်ကြီးများအား ဖိတ်ကြား၍ နှစ်စဉ်လှူဒါန်းကန်တော့ခဲ့ကြသည်။ ၁၃၈၈ ခုနှစ်၊ မြန်မာနိုင်ငံ စာဆိုတော်နေ့ အထိမ်းအမှတ်အဖြစ် (၃၉) ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲကို ၂၀၂၆ ခုနှစ် ဒီဇင်ဘာလတွင် စည်ကားသိုက်မြိုက်အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိရာ စေတနာရှင် အလှူရှင်များအနေဖြင့် အလှူငွေများ ပါဝင်လှူဒါန်းနိုင်ပါရန် နှိုးဆော်ထားသည်။

အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာရေးဆရာအသင်း အမှတ် (၁၇၃/၁၇၅) (၇)လွှာ ပန်းဆိုးတန်းလမ်း(အလယ်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း- ၀၁၂၅၄၁၇၊ ၀၉၄၅၀၀၉၀၄၆သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **မြန်မာ့အလင်း**

သာကေတမြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေး ဆွေးနွေး

ရန်ကုန် နိုဝင်ဘာ ၁၀

သာကေတမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၏ ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ်တည်ဆဲ အခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့က မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၌ ကျင်းပရာ မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်မြတ်မြတ်စုက အခွန်ဆိုင်ရာကိစ္စများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။



အခမ်းအနားသို့မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

Smart City နည်းပညာဖြင့် မြို့ပြစွမ်းအင်ချွေတာ စီမံခန့်ခွဲခြင်း

၂၁ ရာစုတွင် ကမ္ဘာ့မြို့ပြဖြစ်ထွန်းမှု လျင်မြန်စွာ တိုးတက်လာသည်နှင့်အမျှ မြို့ပြများ၏ စွမ်းအင် လိုအပ်ချက်မှာလည်း စိန်ခေါ်မှုတစ်ရပ် ဖြစ်လာခဲ့သည်။ ကုလသမဂ္ဂ၏ ခန့်မှန်းချက်များအရ ကမ္ဘာ့လူဦးရေ၏ ထက်ဝက်ကျော်သည် မြို့ပြများတွင် တည်ရှိနေပြီး လာမည့် ဆယ်စုနှစ်များအတွင်း ဤရာခိုင်နှုန်းသည် ၇၀ ရာခိုင်နှုန်းအထိ မြင့်တက်လာရန်ရှိနေသည်။

ကမ္ဘာ့စွမ်းအင် စုစုပေါင်းသုံးစွဲမှု၏ ၇၅ ရာခိုင်နှုန်းကျော်နှင့် ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှု၏ ၇၀ ရာခိုင်နှုန်းကျော်သည် မြို့ပြနယ်မြေများမှ ထွက်ရှိနေခြင်းဖြစ်သည်။ ထို့ကြောင့် စမတ်မြို့ပြ အယူအဆသည် သာမန်မြို့ပြစီမံကိန်းတစ်ခုမျှသာ မဟုတ်တော့ဘဲ စွမ်းအင်ကို ထိရောက်စွာအသုံးပြုနိုင်ရန်၊ ရာသီဥတုပြောင်းလဲမှုကို တားဆီးရန်နှင့် မြို့ပြနေပြည်သူများ၏ လူနေမှုအဆင့်အတန်း မြင့်မားလာစေရန် အဓိကကျသော မဟာဗျူဟာ မြောက်ချဉ်းကပ်မှု ဖြစ်လာပါသည်။

ဂိုးရာမြို့ပြများ၏ စွမ်းအင်သုံးစွဲမှုစနစ်များသည် လေလွင့်မှုများပြားပြီး ထိရောက်မှု အားနည်းလှသည်။ လူဦးရေထူထပ်လာမှု၊ စက်မှုလုပ်ငန်းများ တိုးချဲ့လာမှုနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍများ ကျယ်ပြန့်လာမှုတို့ကြောင့် စွမ်းအင်ဝယ်လိုအားနှင့် ရောင်းလိုအား မမျှတမှုများ မကြာခဏ ဖြစ်ပေါ် လေ့ရှိသည်။ ဤပြဿနာများကို ကျော်လွှားနိုင်ရန် အတွက် Smart City နည်းပညာဖြင့် မြို့ပြစွမ်းအင် စီမံခန့်ခွဲခြင်းသည် အချက်အလက်များ၊ အာရုံခံ ကိရိယာများ၊ အင်တာနက်ချိတ်ဆက်ထားသော ပစ္စည်းများနှင့် ဉာဏ်ရည်တုတို့ကို အသုံးပြု၍ စွမ်းအင်ထုတ်လုပ်မှု၊ ဖြန့်ဖြူးမှုနှင့် သုံးစွဲမှုတို့အား အချိန်နှင့်တစ်ပြေးညီ ထိန်းချုပ်စီမံသည့်စနစ် ဖြစ်သည်။

ဤဆောင်းပါးတွင် စမတ်မြို့ပြ နည်းပညာများ ဖြင့် စွမ်းအင်ချွေတာနိုင်ပုံ၊ မြို့တော်စည်ပင် သာယာရေးနှင့် အုပ်ချုပ်ရေးယန္တရားများတွင် အသုံးပြုနိုင်မည့် မဟာဗျူဟာမြောက်နည်းလမ်း များ၊ ပြည်သူ့ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင် အပေါ် သက်ရောက်မှုများနှင့် အကျိုးကျေးဇူးများ ကို အပြည့်အဝ သုံးသပ်တင်ပြထားပါသည်။

စမတ်စွမ်းအင် အယူအဆနှင့် IoT (Internet of Things) နည်းပညာ

စမတ်စွမ်းအင်စနစ်၏ အဓိကအုတ်မြစ်မှာ



ဘာစီလိုနာမြို့ရှိ LED လမ်းမီးများတွင် IoT အာရုံခံဆင်ဆာများ ထည့်သွင်းတပ်ဆင်၍ စမတ်လမ်းမီးကွန်ရက် ဖန်တီးထားမှုကို တွေ့ရစဉ်။

အရာဝတ္ထုတိုင်းကို အင်တာနက်ဖြင့် ချိတ်ဆက်ထားသည့် Internet of Things (IoT) နည်းပညာ ဖြစ်သည်။ စမတ်မြို့ပြများတွင် လျှပ်စစ်ဓာတ်အား လိုင်းများ၊ အဆောက်အအုံများ၊ လမ်းမီးများနှင့် လျှပ်စစ်ဓာတ်အားခွဲရုံများ၌ IoT အာရုံခံဆင်ဆာ များကို တပ်ဆင်ထားသည်။ အဆိုပါ အာရုံခံဆင်ဆာ များသည် စွမ်းအင်သုံးစွဲမှုအခြေအနေ၊ အပူချိန်၊ လျှပ်စစ်စီးကြောင်း၊ ဗို့အားပမာဏနှင့် ပတ်ဝန်း ကျင်အလင်းရောင်တို့ကို စိစစ်ကာ ဗဟိုထိန်းချုပ် ရေးစနစ်ထံသို့ အချက်အလက်များကို အဆက် မပြတ် ချက်ချင်းပေးပို့သည်။

ဤနည်းအားဖြင့် မလိုအပ်ဘဲ စွမ်းအင်လေလွင့် ပြန်းတီးမှုများကို ချက်ချင်းသိရှိနိုင်ပြီး စမတ်စနစ် များမှတစ်ဆင့် အလိုအလျောက် ချိန်ညှိမှုများ ပြုလုပ်ကာ စွမ်းအင်သုံးစွဲမှုကို သိသာစွာ ချွေတာ ပေးနိုင်သည်။ ဥပမာအားဖြင့် အဆောက်အအုံ တစ်ခုအတွင်း လျှပ်စစ်ယိုစိမ့်မှုဖြစ်ပေါ်ပါက IoT ဆင်ဆာများက ချက်ချင်းရှာဖွေဖော်ထုတ်ပြီး ထိန်းချုပ်ခန်းသို့ သတိပေးချက်များ ပေးပို့နိုင်သည်။ ထို့ပြင် သုံးစွဲသူပြည်သူများအနေဖြင့်လည်း စမတ် မီတာများကိုအသုံးပြု၍ မိမိတို့အိမ်၏ စွမ်းအင် သုံးစွဲမှုကို စမတ်ဖုန်း အပလီကေးရှင်းများမှတစ်ဆင့် တိုက်ရိုက်စောင့်ကြည့်ထိန်းချုပ်နိုင်မည်ဖြစ်သည်။ ယင်းကဲ့သို့ ပွင့်လင်းမြင်သာမှုရှိသောစနစ်ကြောင့် ပြည်သူများကိုယ်တိုင် စွမ်းအင်ချွေတာရေးတွင် တက်ကြွစွာ ပါဝင်လာနိုင်စေသည်။

ဉာဏ်ရည်တုနှင့် Big Data ၏ အခန်းကဏ္ဍ

စမတ်မြို့ပြ၏ စွမ်းအင်စီမံခန့်ခွဲမှုစနစ်တွင် ဉာဏ်ရည်တုနှင့် အချက်အလက်အမြောက်အမြား ခွဲခြမ်းစိတ်ဖြာခြင်းတို့သည် အဓိကဦးနှောက်သဖွယ် ဆောင်ရွက်ကြသည်။ မြို့ပြတစ်ခုလုံးတွင် တပ်ဆင် ထားသော စမတ်မီတာများ သန်းပေါင်းများစွာ၊ လမ်းမီးများ၊ စက်ရုံများနှင့် သယ်ယူပို့ဆောင်ရေး စနစ်များမှ နေ့စဉ်ထွက်ရှိလာသည့် ကြီးမားလှ သော အချက်အလက်များကို ကွန်ပျူတာနည်းပညာ များဖြင့် စုဆောင်းစိစစ်သည်။ AI ၏ နဂိုသင်ယူမှု (Machine Learning) နှင့် ရာသီဥတုခန့်မှန်းချက် (Predictive Analytics) အယ်လ်ဂိုရီသမ်များသည် အတိတ်က စွမ်းအင်သုံးစွဲမှုပုံစံများ၊ ရာသီဥတု အခြေအနေများနှင့် လူဦးရေသွားလာလှုပ်ရှားမှု များကိုမူတည်၍ ရေ့အနာဂတ် (ဥပမာ - နောက်နေ့ သို့မဟုတ် နောက်တစ်ပတ်)၏ စွမ်းအင်လိုအပ် ချက်ကို တိကျစွာ ကြိုတင်ခန့်မှန်းနိုင်သည်။

ထိုသို့ခန့်မှန်းနိုင်ခြင်းကြောင့် လျှပ်စစ် ဓာတ်အားပေးစက်ရုံများမှ လိုအပ်သည်ထက်ပို၍ အလွန်အကျွံထုတ်လုပ်မှုကို လျှော့ချနိုင်ပြီး စွမ်းအင် လိုအပ်ချက်မြင့်မားသည့်အချိန်များတွင် လျှပ်စစ် ဓာတ်အားဖြန့်ဖြူးမှုကို အလိုအလျောက်မျှတ အောင် ချိန်ညှိပေးနိုင်ပါသည်။ ထို့ပြင် AI သည် စက်ရုံများ၊ ဓာတ်အားခွဲရုံများ ပျက်စီးယိုယွင်းနိုင် ခြေကို ကြိုတင်ခန့်မှန်းပေးနိုင်သောကြောင့် ပြုပြင် ထိန်းသိမ်းမှုစရိတ်များကိုပါ ကြီးမားစွာ လျှော့ချ ပေးနိုင်သည်။

စမတ်ဂရစ် (Smart Grid) မဟာဓာတ်အားလိုင်းစနစ်

ရှေးရိုးစွဲ ဓာတ်အားလိုင်းများသည် စွမ်းအင်ကို ထုတ်လုပ်သည့် ဓာတ်အားပေးစက်ရုံများမှ သုံးစွဲ သူထံသို့ တစ်ကြောင်းသွားစီးဆင်းစေသည်ဖြစ်ရာ စွမ်းအင်လေလွင့်မှု ကြီးမားသည့်အပြင် ဓာတ်အား ပြတ်တောက်မှုများဖြစ်ပေါ်လျှင် ချက်ချင်းဖြေရှင်း ရန် ခက်ခဲပါသည်။ စမတ်ဂရစ်စနစ်သည် နည်း ပညာသုံး နှစ်ဦးနှစ်ဖက် ကွန်ရက်ဖြစ်သဖြင့် ထုတ်လုပ်သူနှင့် သုံးစွဲသူအကြား သတင်းအချက် အလက်များကို တိုက်ရိုက်အပြန်အလှန် စီးဆင်း စေသည်။ စမတ်ဂရစ်သည် မဟာဓာတ်အားလိုင်း အတွင်း လျှပ်စစ်ယိုစိမ့်မှု၊ လိုင်းကြိုးပြတ်တောက် မှု သို့မဟုတ် ယိုယွင်းပျက်စီးမှုများ ဖြစ်ပေါ်ပါက ချက်ချင်းအလိုအလျောက် သိရှိပြီး ပြဿနာ ဖြစ်နေသောနေရာကို သီးသန့်ခွဲထုတ်ကာ အခြား လမ်းကြောင်းမှ ဓာတ်အားပြန်လည် ဖြန့်ဖြူးပေးနိုင် သည်။ ဤစနစ်သည် မြို့ပြ၏ လျှပ်စစ်ပြတ်တောက်

ဝေဖြိုးအောင်

ချိန်ကို အနည်းဆုံးဖြစ်အောင် လျှော့ချပေးသည်။

ထို့ပြင် နေရောင်ခြည်နှင့် လေစွမ်းအင်ကဲ့သို့ သော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အရင်းအမြစ် များမှ ထွက်ရှိသည့် လျှပ်စစ်များကို စမတ်ဂရစ် အတွင်းသို့ စနစ်တကျ ချောမွေ့စွာ ပေါင်းစပ်ထည့် သွင်းပေးနိုင်သဖြင့် ရုပ်ကြွင်းလောင်စာသုံးစွဲမှုကို လျှော့ချနိုင်ပြီး ကာဗွန်ထုတ်လွှတ်မှု ကျဆင်းစေကာ စွမ်းအင်ဆုံးရှုံးမှုကို အနည်းဆုံးအထိ ကာကွယ် ပေးနိုင်ပါသည်။

စမတ်အဆောက်အအုံ (Smart Buildings) နှင့် BEMS စနစ်

ခေတ်သစ်မြို့ပြများတွင် လူနေထိုင်ရာ တိုက်ခန်းများနှင့် စီးပွားရေးလုပ်ငန်းသုံး အဆောက် အအုံများသည် လျှပ်စစ်ဓာတ်အား၏ ၄၀ ရာခိုင် နှုန်းကျော်ကို သုံးစွဲနေကြသည်။ ထို့ကြောင့် အဆောက်အအုံများ၏စွမ်းအင်ကို ထိန်းချုပ်နိုင် ခြင်းသည် မြို့ပြစွမ်းအင်စီမံခန့်ခွဲမှုအတွက် အသက် တမျှ အရေးကြီးပါသည်။ စမတ်မြို့ပြများတွင် အဆောက်အအုံများကို Building Energy Management System (BEMS) ခေါ် အဆောက် အအုံ စွမ်းအင်စီမံခန့်ခွဲမှုစနစ်များဖြင့် တပ်ဆင်ထား သည်။

BEMS စနစ်သည် အဆောက်အအုံအတွင်းရှိ လူဦးရေလှုပ်ရှားမှုပမာဏ၊ သဘာဝအလင်းရောင် ရရှိမှုနှင့် ပြင်ပရာသီဥတုအပူချိန်တို့အပေါ်မူတည်၍ မီးရောင်၏ လင်းအား၊ လေအေးပေးစက် (HVAC – Heating, Ventilation, and Air Condition-ing)၏ အပူချိန်နှင့် လေဝင်လေထွက်စနစ်များကို အလိုအလျောက် ချိန်ညှိပေးသည်။ ဥပမာ - ပြတင်း ပေါက်မှ နေရောင်ခြည်ကောင်းစွာရရှိနေချိန်တွင် မီးချောင်းများ၏ အလင်းအားကို အလိုအလျောက် လျှော့ချပေးခြင်း၊ လူမရှိသော အခန်းများတွင် မီးနှင့် စွမ်းအင်သုံး စက်ပစ္စည်းများကို အလိုအလျောက် ပိတ်ပေးခြင်းတို့ ဆောင်ရွက်သည်။ ဤကဲ့သို့ စမတ်ကျကျ ထိန်းချုပ်ခြင်းဖြင့် အဆောက်အအုံ များ၏ စွမ်းအင်သုံးစွဲမှုကို ၂၀ ရာခိုင်နှုန်းမှ ၃၅ ရာခိုင်နှုန်းအထိ သက်သာစေပါသည်။ ထို့ပြင် အိမ်ရာများအတွက် Home Energy Management System (HEMS) များကိုပါ တပ်ဆင်လာကြသဖြင့် မိသားစုအလိုက် စွမ်းအင်သုံးစွဲမှုကိုပါ အသေးစိတ် စီမံလာနိုင်ကြသည်။

စမတ်လမ်းမီးများနှင့် လျှပ်စစ်သယ်ယူပို့ဆောင်ရေး

မြို့ပြများ၏ လမ်းမီးစနစ်များသည် မြို့တော် စည်ပင်သာယာရေးအဖွဲ့များအတွက် စွမ်းအင် ကုန်ကျစရိတ်၏ ကြီးမားသော အစိတ်အပိုင်းတစ်ခု ဖြစ်သည်။ ရိုးရာလမ်းမီးများသည် တစ်ညလုံး အပြည့်အဝ လင်းနေလေ့ရှိရာ စွမ်းအင်ဖြုန်းတီးမှု များပြားသည်။ စမတ်လမ်းမီးစနစ်သည် အာရုံခံ ဆင်ဆာများအသုံးပြု၍ လမ်းပေါ်တွင် ယာဉ် သို့မဟုတ် လူသွားလူလာမရှိချိန်တွင် အလင်းရောင် ကို ၃၀ ရာခိုင်နှုန်းသို့ လျှော့ချထားပြီး ယာဉ်နှင့် လူများချဉ်းကပ်လာချိန်မှသာ အပြည့်အဝ လင်းစေ သည့်စနစ်ဖြစ်သည်။ ဤစနစ်ဖြင့် လမ်းမီးသုံး စွမ်းအင်ကို ၅၀ ရာခိုင်နှုန်းထက်မနည်း ချွေတာ နိုင်သည်။ ၎င်းအပြင် အဆိုပါ လမ်းမီးတိုင်များကို လုံခြုံရေးကင်မရာများ၊ လေထုညစ်ညမ်းမှု တိုင်းတာသည့် ဆင်ဆာများနှင့် ပေါင်းစပ်အသုံးပြု နိုင်သည်။

(ဆက်လက်ဖော်ပြပါမည်)

“ရှေးရိုးစွဲဓာတ်အားလိုင်းများသည် စွမ်းအင်ကို ထုတ်လုပ်သည့် ဓာတ်အားပေးစက်ရုံများမှ သုံးစွဲသူထံသို့ တစ်ကြောင်းသွားစီးဆင်းစေသည်ဖြစ်ရာ စွမ်းအင်လေလွင့်မှု ကြီးမားသည့်အပြင် ဓာတ်အားပြတ်တောက်မှုများဖြစ်ပေါ်လျှင် ချက်ချင်းဖြေရှင်းရန် ခက်ခဲပါသည်။ စမတ်ဂရစ်စနစ်သည် နည်းပညာသုံး နှစ်ဦးနှစ်ဖက် ကွန်ရက်ဖြစ်သဖြင့် ထုတ်လုပ်သူနှင့် သုံးစွဲသူအကြား သတင်းအချက်အလက်များကို တိုက်ရိုက်အပြန်အလှန်စီးဆင်းစေသည်။ စမတ်ဂရစ်သည် မဟာဓာတ်အားလိုင်းအတွင်း လျှပ်စစ်ယိုစိမ့်မှု၊ လိုင်းကြိုးပြတ်တောက်မှု သို့မဟုတ် ယိုယွင်းပျက်စီးမှုများ ဖြစ်ပေါ်ပါက ချက်ချင်းအလိုအလျောက် သိရှိပြီး ပြဿနာဖြစ်နေသောနေရာကို သီးသန့်ခွဲထုတ်ကာ အခြားလမ်းကြောင်းမှ ဓာတ်အားပြန်လည် ဖြန့်ဖြူးပေးနိုင်သည်။ ဤစနစ်သည် မြို့ပြ၏ လျှပ်စစ်ပြတ်တောက်ချိန်ကို အနည်းဆုံးဖြစ်အောင် လျှော့ချပေး”

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၁၀

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပပျောက်စေရေးအတွက် အမြဲနီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့်ပူးပေါင်းကာ အပြီးတိုင် လုံးဝပပျောက်သွားစေရေး ဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါအဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန် ကျန်တရားမဝင်အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ၅ ထပ် အဆောက်အအုံ ၁ လုံးအား ယနေ့အထိ ၇၅ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ၆ ထပ် အဆောက်အအုံတစ်လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုမှာ ယနေ့အထိ ၂၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်း၌ အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် အဆောက်အအုံ ၆၃ လုံးအနက် ဖောက်ခွဲ၍ ဖြိုချမည့် အဆောက်အအုံ ၄ လုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၆ လုံး စုစုပေါင်း အဆောက်အအုံ ၁၀ လုံးတို့ကို စနစ်တကျ

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးမှုနေရာပြမြေပုံ။



ဖြိုချဖျက်ဆီးခဲ့ပြီးဖြစ်ပြီး ကျန်ရှိသည့် တရားမဝင် ဆက်လက် ဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း အဆောက်အအုံ ၅၃ လုံးကိုလည်း စနစ်တကျ သတင်းရရှိသည်။ (၁၀၀)

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် (၅) ထပ် အဆောက်အအုံအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှု

ဖြိုဖျက်ပြီးစီးမှု



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် (၆) ထပ် အဆောက်အအုံအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှု

ယာဉ်ယန္တရားဖြင့် ဖြိုချဖျက်ဆီးမှု



အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၁၀ ဦး မြန်မာ - ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်

နေပြည်တော် နိုဝင်ဘာ ၁၀

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင်ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ - ရွှေကုက္ကိုလ်နယ်မြေတွင် တရားမဝင်အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ဗီယက်နမ်နိုင်ငံသား ကိုးဦးနှင့် ရုရှားနိုင်ငံသားတစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ၁၀ ဦးတို့အား မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။



အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျ ရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်နှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များကိုကိုညီမှုရှိရေးနှင့် ပြည်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါ်ပေါက်ပြည့်နှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးအပ်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယဌာနမှ တာဝန်ရှိသူ သူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံရုံးမှ First Secretary Mr. Dang Quang Sanh နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံရုံးမှ Second Secretary Mr. Evgeny Pimenov နှင့်တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်း လက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် နိုဝင်ဘာ ၁၀ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၅၂၉၃ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၄၂၂ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ လုပ်ထုံး လုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်း ပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၀၇၁ ဦးတွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော)ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁) နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၃၉၁ ဦးရှိသည့်အတွက် ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၆၈၀ တို့အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်း နိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက် ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် နိုဝင်ဘာ ၁၀

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိတ်ပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၆ ခုနှစ် နိုဝင်ဘာ ၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက် စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူ လုပ်ဆောင်ခဲ့သည့် "DAW MAY ZIN" Tiktok အကောင့်ပိုင်ရှင်ဖြစ်သူ ဇရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အမှတ်(၁) ရပ်ကွက်နေ မေဇင်လှိုင်အား ညနေ ၆ နာရီတွင် ပုသိမ်မြို့မရဲစခန်း(ပ)၁၆၃/၂၀၂၆၊ ရာဇသတ်ကြီး ပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

သတင်းစဉ်

၂၀၂၆ ခုနှစ် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ၊ အားကစားပြိုင်ပွဲ၊ ရန်ကုန်ဇုန်ဖွင့်ပွဲနှင့် စက်မှုဇုန်ဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၀

ပညာရေးဝန်ကြီးဌာန ဆရာအတတ်ပညာဦးစီးဌာန ၂၀၂၆ ခုနှစ် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ၊ အားကစားပြိုင်ပွဲ၊ ရန်ကုန်ဇုန်ဖွင့်ပွဲကို ယနေ့နံနက် ပိုင်းက ရန်ကုန်တိုင်းဒေသကြီး သဃ်နန်းကျွန်းမြို့နယ် သုဝဏ္ဏရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)၌ ကျင်းပသည်။



ဖွင့်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီနာယက၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူက အမှာစကား ပြောကြားပြီး ဘင်ခရာအဖွဲ့၊ ပန်းဖွားနှင့် သရုပ်ပြအဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ဆက်လက်၍ တာဝွေမြို့နယ် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းမှ ဘင်ခရာနှင့် ပန်းဖွား အဖွဲ့ သရုပ်ပြဖျော်ဖြေတင်ဆက်ခြင်း၊ ရန်ကုန်တိုင်းဒေသကြီး မြန်မာ့သိုင်းဆပ်ကော်မတီမှ အားကစားသမားများက သရုပ်ပြဖျော်ဖြေတင်ဆက်ခြင်း၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ အားကစားသမားများက အေရိုးဗစ် သရုပ်ပြဖျော်ဖြေတင်ဆက်ခြင်း၊ မြန်မာနိုင်ငံ ကျွမ်းဘား အဖွဲ့ချုပ်မှ အားကစားသမားများက သရုပ်ပြဖျော်ဖြေတင်ဆက်ခြင်းတို့ကို ကြည့်ရှုအားပေးကြသည်။

အဆိုပါပြိုင်ပွဲကို အသင်း ၁၃ သင်း အားကစားသမား ၆၂၇ ဦးဖြင့် နိုဝင်ဘာ ၂၀ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး စက်မှုဇုန်များ ဖော်ဆောင်ရေးနှင့် ကြီးကြပ်ရေး ကော်မတီဝင်များ၊ စက်မှုဇုန်ဥက္ကဋ္ဌများနှင့် စက်မှုဇုန်ဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ကျင်းပရာ စက်မှုဇုန်များ ဖော်ဆောင်ရေးနှင့် ကြီးကြပ်ရေး ကော်မတီနာယက၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမျိုးမြင့်အောင်နှင့် တိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါက်တာမျိုးသော်တို့က အမှာစကားပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက လုပ်ငန်းအခြေအနေများကို ဆွေးနွေးတင်ပြကြပြီး ကြီးကြပ်ရေးကော်မတီနာယကက တင်ပြချက်များနှင့်စပ်လျဉ်း၍ လုပ်ငန်းများအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

ခွဲထက်ကို(ပြန်/ဆက်)

လွိုင်ကော်မြို့၌ (၁၁)ကြိမ်မြောက် အင်းသားအမျိုးသားနေ့အခမ်းအနားကျင်းပ



လွိုင်ကော် နိုဝင်ဘာ ၁၀

(၁၁)ကြိမ်မြောက် အင်းသားအမျိုးသားနေ့ အခမ်းအနားကို လွိုင်ကော်မြို့ မိုးကောင်းဘုရားကြီးကျောင်းမွေ့ရုံ၌ ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် ကယား ပြည်နယ်ဝန်ကြီးချုပ် ဦးခဲ့မော်က တိုင်းရင်းသားများ၏ စာပေ၊ ဘာသာစကား၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ ထုံးတမ်းစဉ်လာများ ပျောက်ကွယ်သွားမည် ဆိုပါက လူမျိုးပါ ပျောက်ကွယ်သွားနိုင်သည့်အတွက် မိမိတို့ကိုယ်တိုင် ထိန်းသိမ်း စောင့်ရှောက်ရန်နှင့် အနာဂတ်မျိုးဆက်သစ် လူငယ်များကို လက်ဆင့်ကမ်း အမွေပေးကြရန် လိုကြောင်း တိုက်တွန်းပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်သည်။

ဆက်လက်၍ အင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီနာယက က အင်းသားအမျိုးသားနေ့ အခမ်းအနား ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အင်းရိုးရာအက အဖွဲ့၊ မယ်တို့ ယိမ်းအကအဖွဲ့နှင့် ဓနုယဉ်ကျေးမှု အကအဖွဲ့များ၏ ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

အင်းသား အမျိုးသားနေ့ အခမ်းအနားကို အထိမ်းအမှတ် အခမ်းအနားတစ်ခုအဖြစ် ကျင်းပခြင်းသာမဟုတ်ဘဲ မိမိတို့၏ သမိုင်းကြောင်း၊ အမျိုးသား ဂုဏ်သိက္ခာ၊ စာပေ၊ ယဉ်ကျေးမှုနှင့် ရိုးရာအမွေအနှစ်များကို ပြန်လည် အမှတ်ရစေပြီး မျိုးဆက်သစ်လူငယ်များထံ လက်ဆင့်ကမ်းထိန်းသိမ်း နိုင်ရန် ရည်ရွယ်ဆောင်ရွက်ခြင်း ဖြစ်ကြောင်း သိရသည်။

အခမ်းအနားသို့ ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရား သူကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်အစိုးရ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ အင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ကော်မတီအဖွဲ့ဝင်များ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှု အကအဖွဲ့များ၊ ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ပြည်နယ်(ပြန်/ဆက်)



ရှမ်းပြည်နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ အရှိန်မြှင့်ဆောင်ရွက်

လားရှိုး နိုဝင်ဘာ ၁၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ ပြည်နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးရေးရုံးမှ ယခုဘဏ္ဍာနှစ်အတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဆောင်ရွက်မှုများနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများ ဖွင့်လှစ်ခြင်းတို့အပေါ် ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဝန်ထမ်းများက ပြန်လည်ဆွေးနွေး၍ ပိုမို ကောင်းမွန်သည့် အစီအမံသစ်များ ချမှတ်ခဲ့ကြောင်း သိရသည်။

ပါဝင်ဆွေးနွေး

အဆိုပါ အခမ်းအနားကို နိုဝင်ဘာ ၉ ရက်က ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ကျင်းပခဲ့ပြီး ပြည်နယ်၊ ခရိုင်၊ မြို့နယ်ရုံးတို့မှ ဦးစီးမှူးများ အပါအဝင် ၄၆ ဦးတို့က ပါဝင်ဆွေးနွေးကြသည်။

ခရိုင် (ပြန်/ဆက်)

ပန်းပင်ရေလောင်းလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ရေလောင်းပုံး အသုံးပြုပါ။

(၃၅) ကြိမ်မြောက် အရှေ့မြောက်မုတ်သုံဖိုရမ် အခမ်းအနားကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၀

ပို့ဆောင်ရေးဝန်ကြီးဌာန မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှဦးစီး၍ (၃၅) ကြိမ်မြောက် အရှေ့မြောက် မုတ်သုံဖိုရမ်ကို ယနေ့နံနက်ပိုင်းက မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန ဘက်စုံ သဘာဝဘေးကြိုတင် သတိပေးဗဟိုဌာန (Multi-Hazard Early Warning Center)၊ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

(၃၅) ကြိမ်မြောက် အရှေ့မြောက်မုတ်သုံဖိုရမ်တွင် ၂၀၂၆ ခုနှစ် မိုးရာသီကာလ (အနောက်တောင် မုတ်သုံရာသီကာလ) မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာ ခန့်မှန်းချက်များအပေါ် ပြန်လည် သုံးသပ်ခြင်းနှင့် စိုက်ပျိုးရေးမိုးလေဝသအခြေအနေ သုံးသပ်တင်ပြခြင်း၊ လာမည့် ဆောင်းရာသီကာလ (၂၀၂၆ ခုနှစ် နိုဝင်ဘာလမှ ၂၀၂၇ ခုနှစ်၊ ဖေဖော်ဝါရီလအထိ) မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာ ခန့်မှန်းချက်များ တင်ပြဆွေးနွေးခြင်း၊ ၂၀၂၆-၂၀၂၇ ခုနှစ်တွင် ဖြစ်ပေါ်လာနိုင်သည့် အားအလွန်ကောင်းသော အယ်လ်နီညို အခြေအနေနှင့် ကဏ္ဍအလိုက် သက်ရောက်နိုင်မှုများအကြောင်း ဆွေးနွေးတင်ပြခြင်း။ အယ်လ်နီညို၏ သက်ရောက်မှုကြောင့် ရေနည်း ကာလများတွင် ဖြစ်ပေါ်လာနိုင်သည့် မြစ်ရေအခြေအနေများကို သုံးသပ်တင်ပြဆွေးနွေးခြင်း၊ မြန်မာနိုင်ငံ၏ ငလျင်ဘေးအန္တရာယ် ဖြစ်နိုင်ခြေများနှင့် မန္တလေးငလျင်ကြီး၏ နောက်ဆက်တွဲ ဖြစ်ပေါ်ခဲ့မှုများအား ရှင်းလင်းတင်ပြခြင်း၊ သက်ဆိုင်ရာ ကဏ္ဍအသီးသီးမှ ပြီးခဲ့သည့် မိုးရာသီကာလအတွင်း ကြုံတွေ့ခဲ့ရသည့် ရာသီဥတု၊ မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာ အတွေ့အကြုံ၊ သင်ခန်းစာများကို ဆွေးနွေးခြင်းနှင့် လာမည့် ၂၀၂၆-၂၀၂၇ ခုနှစ် ဆောင်ရာသီ ကာလအတွက် ခန့်မှန်းချက်များနှင့် အယ်လ်နီညို ဖြစ်စဉ်၏ အကျိုးသက်ရောက်နိုင်မှု အခြေအနေများကို အသုံးပြု၍ သက်ဆိုင်ရာ ကဏ္ဍများအလိုက် ကြိုတင်ပြင်ဆင်မှု အခြေအနေများအား တင်ပြဆွေးနွေးခြင်းနှင့် ဖြည့်စွက် အကြံပြုဆွေးနွေးခြင်းများကို ဆောင်ရွက်ခဲ့သည်။



အခမ်းအနားသို့ သဘာဝ ဘေးအန္တရာယ် စီမံခန့်ခွဲရေး ဆောင်ရွက်နေသော ဌာနများ၊ စိုက်ပျိုးရေးလုပ်ငန်းနှင့် သက်ဆိုင်သောဌာနများ၊ ရေနှင့်ပတ်သက်၍ ဆောင်ရွက်နေသော ဌာနများ၊ အခြားဆက်စပ်ဌာနများမှ ဌာနဆိုင်ရာ ကိုယ်စားလှယ်များနှင့် မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြပြီး ပို့ဆောင်ရေးဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်မိုးဦးက အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်









❋ *ကျောဖုံးမှ*

တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ဌေးနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ အရာရှိ၊ စစ်သည်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့သူများနှင့် ၎င်းတို့၏ မိဘ အုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းမှူးက တရားဥပဒေပုဒ်မများနှင့် ပတ်သက်၍ အသိပညာပေးစကားများ ရှင်းလင်းပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် MA –1 အမျိုးအစား သေနတ် ၅ လက်၊ Type 81 အမျိုးအစား သေနတ် ၆၆ လက်၊ AK–47 အမျိုးအစား သေနတ် ၃ လက်၊ M–22 အမျိုးအစား သေနတ် ၄ လက်၊ ပစ္စတို ၃ လက်၊ လက်လုပ်သေနတ် ၃ လက်၊ ကျည်အိမ်မျိုးစုံ ၈၄ ခုနှင့် ကျည်မျိုးစုံ ၁၄၇၂ တောင့်တို့ကို လွှဲပြောင်းအပ်နှံရာ တိုင်းမှူးက လက်ခံရယူသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား မောင်းပြန်ရိုင်ဖယ် ၇၈ လက်အတွက် ဆုကြေးငွေကျပ်သိန်း ၃၉၀၀၊ ပစ္စတို ၃ လက်အတွက် ဆုကြေးငွေကျပ် သိန်း ၆၀၊ လက်လုပ်သေနတ် ၃ လက်အတွက် ဆုကြေးငွေကျပ် ၁၅ သိန်း၊ လက်နက်မပါ အလင်းဝင်ရောက်လာသူ ၁၁၆ ဦး အတွက် ဆုကြေးငွေကျပ် ၁၁၆ သိန်းတို့ကို ပေးအပ်ပြီး ခံဝန်ကတိလက်မှတ်ရေးထိုးစေကာ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်း အပ်နှံပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများ အပ်နှံထားသော လက်နက်ခဲယမ်းများအား လိုက်လံကြည့်ရှုစစ်ဆေးပြီး **(အပေါ်ပုံ)** ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ လက်ဖက်ရည်ပိုင်းတို့ဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ ဥပဒေဘောင်အတွင်း သို့ဝင်ရောက်လာကြသည့် TNLA အဖွဲ့ဝင်များသည် မိသားစုဝင်ဆွေမျိုးများနှင့် အကျပ်ကိုင်၍ အတင်းအဓမ္မ စုဆောင်းခံကြရသူများဖြစ်ပြီး အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ် မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက် အဆင့်အတန်းခွဲခြား၍ အချင်းချင်းဗိုလ်ကျနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမူကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာ နေထိုင်ရခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့ အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင် အတွင်း ငြိမ်းချမ်းစွာ နေထိုင်၍ ၎င်းတို့ကြောင့် နှစ်နှာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြု လိုခြင်းတို့ကြောင့် လက်နက်ကိုင် လမ်းစဉ်အား စွန့်လွှတ်၍ ယခုကဲ့သို့ဥပဒေဘောင် အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည် လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင် အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရသည်။ ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေး အဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက် / ခဲယမ်းများအတွက် ဆုကြေးငွေများကို ထိုက်တန်စွာ ပေးအပ်သွားမည် ဖြစ်ကြောင်း သိရှိရသည်။



အလင်းဝင်ပြီးတော့ ကျွန်တော်တို့ ပြန်လာရခြင်း ရည်ရွယ်ချက်ကတော့ စကတည်းက ကျွန်တော်တို့က နိုင်ငံရေးလည်းနားမလည်ဘူး၊ တော်လှန်ရေးလည်း နားမလည်ဘူး။ ဖိအားတစ်မျိုးကြောင့် ဒီလို လုပ်ခဲ့တယ်။ အခက်အခဲအမျိုးမျိုးနဲ့ အဆင်မပြေတဲ့အခါကျတော့ ကျွန်တော်တို့ လုပ်နေကျနားလည်တဲ့အလုပ်မျိုး မဟုတ်တဲ့အခါကျတော့မှ မြို့မိမြို့ဖ လူကြီးတွေက တစ်ဆင့် နိုင်ငံတော်ကို ဆက်သွယ်ပြီးတော့မှ အလင်းဝင်လာခဲ့တယ်။ ကျွန်တော်တို့ရဲ့ ဗီဇ။ ကျွန်တော်တို့ ဖြစ်ချင်တဲ့ဟာမျိုး မဟုတ်တဲ့အခါကျတော့ အခု လုပ်ရပ်ကနေ ရုန်းထွက်ခဲ့တယ်။ နောက် တစ်ချက်ကတော့ ကျွန်တော်တို့ ချစ်တဲ့ မိုးကုတ်၊ မိုးမိတ်ကို နောက် တစ်ခါ ဒီလိုမျိုး တိုက်ပွဲတွေမဖြစ်အောင် တပ်မတော်နဲ့ ကာကွယ်မယ်။ မိုးကုတ်၊ မိုးမိတ်မှာ လီဆူတွေအများကြီးရှိတယ်။ ကျွန်တော်တို့ လီဆူတွေရဲ့ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ လုံခြုံရေး အားလုံးကို ကူညီစောင့်ရှောက်မယ်။ တစ်ဖက်ကလည်း နိုင်ငံတော်ကို ပြန်ပြီးတော့ ကာကွယ်ရေးတွေ လုပ်မယ်။ ကျွန်တော်တို့ရဲ့အင်အားနဲ့ တပ်မတော်နဲ့ပူးပေါင်းပြီးတော့ ကျွန်တော်တို့ရဲ့ အဖွဲ့အစည်းက ဖြစ်နိုင်ရင် မိုးကုတ်၊ မိုးမိတ်မှာရှိတဲ့ တိုင်းရင်းသားပေါင်းစုံ အကုန်လုံးကို ကျွန်တော်တို့ အလုပ်အကျွေး ပြုမယ်ဆိုတဲ့ ဆန္ဒမျိုးနဲ့ တပ်မတော်ကို ဆက်သွယ်ပြီး အလင်းဝင်လာခြင်း ဖြစ်တယ်။ အလွန်ကို ဝမ်းသာပီတိဖြစ်ရပါတယ်။ ကျွန်တော် ခေါင်းဆောင် တစ်ယောက်အနေနဲ့ ကျွန်တော့်မှာ တပည့်သားသမီးတွေ အများကြီးရှိတယ်။ ကျွန်တော့်မှာ ဖိအားတွေ သိပ်များခဲ့တယ်။ နိုင်ငံတော်ကို ဆက်သွယ်ပြီးတော့ ကျွန်တော်တို့ ကျောက်မဲကို စရောက်တဲ့အချိန်ကတည်းက ကျွန်တော်တို့ကို ဗိုလ်ချုပ်ကိုယ်တိုင်လာပြီး တော့မှ ကောင်းကောင်းမွန်မွန် ကြိုဆိုတယ်၊ ကောင်းကောင်း မွန်မွန် ဧည့်ခံတယ်။ ကျွန်တော်တို့ တော့ အလွန်ကို ပျော်ရွှင်တယ်။ ကျောက်မဲကနေပြီးတော့မှ ပြင်ဦးလွင်၊ မန္တလေး၊ သပိတ်ကျင်း၊ မိုးကုတ် ကျွန်တော်တို့ကို ညတွင်း ချင်းပို့ပေးတယ်။ ကျွန်တော်တို့ အစစအရာရာ ဘာမှ လုပ်စရာ မရှိဘူး။ ဒီအတွက် နိုင်ငံတော် အစိုးရကိုလည်း ကျေးဇူးတင်ပါတယ်။ အခုကျန်ခဲ့တဲ့ ကျွန်တော်တို့ရဲ့ မိတ်ဆွေတွေ အခြေမှန်ရပြီးတော့ ကိုယ့်မိသားစုအတွက်၊ ကိုယ့်ရဲ့ မြို့ရွာအတွက်၊ ကိုယ့်ရဲ့ လူမျိုးအတွက် တောထဲမှာပဲနေ ဘဲနဲ့ ပြန်လာဖို့ အလင်းလာဝင်ပြီး တော့မှ ခုနက ပြောသလို ကိုယ့် မြို့ရွာ အေးချမ်းသာယာလာဖို့ အတူတူ ပူးတွဲဆောင်ရွက်ဖို့ ပြန်လာကြပါလို့ ကျွန်တော့်အနေနဲ့ မေတ္တာစကား ပါးချင်ပါတယ်။

အလင်းဝင် အမျိုးသား (၂)

ကျွန်တော်တို့ ဒီအဖွဲ့အစည်းထဲကို ရောက်လာတဲ့အကြောင်း ရင်းက တပ်မတော်ကနေ ဆုတ်သွားတဲ့အချိန် TNLA တွေဝင်လာတယ်။ သူတို့အုပ်ချုပ်တဲ့အချိန်မှာ တစ်အိမ်တစ်ယောက် မဝင်မနေ စနစ်နဲ့လာခဲ့တယ်။ ကျွန်တော်တို့ မဝင်လို့ရှိရင်လည်း အိမ်က မိသားစုတွေက ပိုပြီးတော့ ခက်ခဲတာပေါ့။ ကျွန်တော်တို့က မဝင်မဖြစ်ဝင်ခဲ့ရတယ်။ အဖွဲ့အစည်းထဲကို ဝင်ခဲ့တဲ့အချိန်မှာ အခက်



အခဲတွေကတော့ များတာပေါ့။ ရှေ့တန်းတိုက်ပွဲ အတွေ့အကြုံတော့ မရှိပါဘူး။ ကျွန်တော်တို့က မြို့တွင်း အုပ်ချုပ်ရေးပိုင်းမှာ မြို့တွင်းကင်း တာဝန်အနေနဲ့ ဆောင်ရွက်ရတာ ရှိတယ်။ အလင်းဝင်ရတဲ့ အကြောင်းရင်း ကတော့ တောထဲမှာပဲနေပြီးတော့ ကျွန်တော်တို့ရဲ့ အနာဂတ်က ပျောက်ဆုံးနေတယ်။ ပြီးတော့ နိုင်ငံတော်နဲ့ တပ်မတော်ရဲ့ သဘောထားကို သိရှိနားလည်ပြီး တော့မှ အလင်းဝင်ရောက်ခဲ့တာ ဖြစ်ပါတယ်။ ကျနော်ခဲ့တဲ့သူတွေကိုလည်း ဖြစ်နိုင်ရင် အမြန်ဆုံး လာခဲ့ပါ။ အစစအရာရာအဆင်ပြေတယ်လို့ ဖိတ်ခေါ်ချင်ပါတယ်။

အလင်းဝင် အမျိုးသမီး (၃)



သူတို့ တစ်အိမ်တစ်ယောက် ခေါ်တော့ လိုက်သွားခဲ့ရတယ်။ သူတို့က ကိုယ့်မြို့မှာပဲ နေရမယ် လို့ပြောပြီး နောက်တော့ တောထဲကိုခေါ်သွားခဲ့လို့တောထဲမှာပဲနေခဲ့ရတယ်။ တောထဲရောက်တော့ ကျွန်မကို စစ်မေဆိုပြီး မွေးမြူရေး လုပ်ခိုင်းတယ်။ ပြီးရင် နေ့တိုင်း ဖက်ထိပ်လုပ်ရတယ်။ အခက်အခဲကတော့ စားရေးသောက်ရေး အခက်အခဲရှိတယ်။ သင်တန်းသုံးလမှာကျတော့လည်း အခက်အခဲကြုံတာက စားရေးသောက်ရေးပါပဲ။ ကျွန်မတို့က သူတို့လူမျိုးမဟုတ်ဘူးလေ။ တခြားလီဆူလူမျိုးဆိုတော့ အလုပ်တွေဘာတွေဆိုရင် ကိုယ့်ကို ပိုခိုင်းတယ်။ ရာထူးတွေဘာတွေ ပေးမယ်ဆိုရင်တော့ သူတို့အချင်းချင်းပဲ ပေးတာမျိုးတွေလည်း ရှိတယ်။ တော်တော်လေးတော့ ပင်ပန်းခဲ့တယ်။ မိန်းကလေးဆိုတော့ နောက်တန်းမှာပဲထားတယ်၊ ရှေ့တန်းမသွားရဘူး။ အမျိုးသားတွေကျတော့ ရှေ့တန်းသွားရတယ်။ အလင်းလာဝင်ရတဲ့ အကြောင်းကတော့ နိုင်ငံတော်ရဲ့သဘောထားအမှန်ကို သိရှိတဲ့အတွက် ကျွန်မတို့ အလင်းဝင်ရခြင်း ဖြစ်တယ်။ နိုင်ငံတော်ကလည်း ကျွန်မတို့ အလင်းဝင်ဖို့အတွက် လှိုက်လှိုက်လဲလဲကြိုဆိုပေးတဲ့အတွက်လည်း ကျွန်မတို့ အနေနဲ့ အလွန်အင်မတန် ဝမ်းသာပီတိတွေဖြစ်မိပါတယ်။ အလွန်လည်း ဂုဏ်ယူပါတယ်။ ကျွန်မတို့ကို ပြန်လက်ခံပေးတဲ့ အတွက်ရော ကြိုဆိုပေးတာ အစစအရာရာ အကုန်လုံးလုပ်ပေးတယ်။ ကား ကအစ လိုလေသေးမရှိအောင် ဒီဘက်ထိရောက်အောင် ပံ့ပိုးပေးခဲ့တယ်။ အဲဒီအတွက်လည်း နိုင်ငံတော်ကို အလွန်ကျေးဇူးတင်ပါတယ်။ ကျနော်ခဲ့တဲ့သူတွေလည်း တပ်မတော်ရဲ့ စေတနာနဲ့ သဘောထားကို သိပြီဆိုလို့ရှိရင် တော့ ကျွန်မတို့လိုပဲ ဒီကိုလာမယ် လို့ မျှော်လင့်ပါတယ်။ တပ်မတော်နဲ့ပူးပေါင်းခွင့်ရတဲ့အတွက် အလွန် ကျေးဇူးတင်ပါတယ်။ ရှေ့ဆက်ပြီးတော့လည်း ကိုယ့်လူမျိုးနဲ့ တပ်မတော်အတွက် အကောင်းဆုံးဖြစ်အောင် ကြိုးစားသွားမှာပါ။

သတင်းစဉ်

ဂျပန်နှင့် အမေရိကန်တို့ လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် သဘောတူ

ပါရီ နိုဝင်ဘာ ၁၀

ဂျပန်နိုင်ငံခြားရေးဝန်ကြီး မိုတဲဂိ တိုရှိမစ်ဆုနှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မာကိုရူဘီယိုတို့သည် နှစ်နိုင်ငံအကြား လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုမြှင့်တင်ရန် သဘောတူညီခဲ့ကြကြောင်း သိရသည်။

မိုတဲဂိနှင့် ရူဘီယိုတို့သည် ပြင်သစ်နိုင်ငံပါရီမြို့၌ ကျင်းပသည့် ဂျီ-၇ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးပြင်ပတွင် နိုဝင်ဘာ ၉ ရက်က သီးခြားတွေ့ဆုံဆွေးနွေးခဲ့ကြသည်။ ယင်းတွေ့ဆုံမှုသည် အမေရိကန်သက်တမ်းဝက် ရွေးကောက်ပွဲတွင် ရီပတ်ဘလစ်ကန်ပါတီ အကြီးအကျယ်ရှုံးနိမ့်ခဲ့ပြီးနောက် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများအကြား ပထမဆုံးအကြိမ် တွေ့ဆုံမှုဖြစ်သည်။

လုံခြုံရေးအခြေအနေများ ပိုမိုရှုပ်ထွေးပြင်းထန်လာချိန်တွင် ဂျပန်-အမေရိကန် မဟာမိတ်၏ ဟန့်တားနိုင်စွမ်းနှင့် တံခြိပ်နိုင်စွမ်းတို့ကို ပိုမိုအားကောင်းလာစေရန် နှစ်နိုင်ငံအကြား နီးကပ်စွာ ပူးပေါင်းဆောင်ရွက်မှုများဖြင့်တင်သွားရန် ဝန်ကြီးနှစ်ဦးသဘောတူခဲ့ကြသည်။ ထို့ပြင် အင်ဒို-ပစိဖိတ်ဒေသအပါအဝင် ဒေသတွင်း အခြေအနေများနှင့် နိုင်ငံတကာရေးရာ ကိစ္စရပ်များကိုလည်း ဆွေးနွေးခဲ့ကြသည်။

ဂျပန်-အမေရိကန် မဟာမိတ်ဆက်ဆံရေး၏အရေးပါမှုကို ခေါင်းဆောင်နှစ်ဦး ထပ်မံအတည်ပြုနိုင်ရန်အတွက် ဝန်ကြီးချုပ် တာကာအိချီဆာနာအဲနှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့ အမြန်ဆုံး တွေ့ဆုံနိုင်ရေး ဂျပန်အစိုးရက ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။



အင်န်အိတ်ချ်ကေ

ဂျပန်မော်တော်ကားထုတ်လုပ်ရေးကုမ္ပဏီ ဟွန်ဒါက အမေရိကန်၌ အမေရိကန်ဒေါ်လာ သုံးဘီလီယံတန်ပိုးရှိ မော်တော်ကားစက်ရုံတည်ဆောက်မည်

တိုကျို နိုဝင်ဘာ ၁၀

ဂျပန်မော်တော်ကား ထုတ်လုပ်ရေးကုမ္ပဏီ ဟွန်ဒါသည် အမေရိကန်ပြည်ထောင်စု အိုဟိုင်းယိုးပြည်နယ်၌ အမေရိကန်ဒေါ်လာ သုံးဘီလီယံ ရင်းနှီးမြှုပ်နှံကာ မော်တော်ကားစက်ရုံသစ် တစ်ရုံ တည်ဆောက်သွားမည့် အစီအစဉ်ကို နိုဝင်ဘာ ၉ ရက်တွင် ထုတ်ပြန်ကြေညာလိုက်သည်။

ဟွန်ဒါကုမ္ပဏီ၏ ထုတ်ပြန်ချက်အရ အဆိုပါစက်ရုံသည် ဝယ်လိုအားနှင့် စွေးကွက်အခြေအနေများအပေါ်မူတည်၍ ဟိုက်ဘရစ်၊ ဓာတ်ဆီသုံးနှင့် ဘက်ထရီလျှပ်စစ် မော်တော်ယာဉ်များကို ထုတ်လုပ်နိုင်ရန် စီစဉ်ထားကြောင်း၊ နှစ်စဉ် မော်တော်ယာဉ်အစီးရေ ၂၄၀၀၀၀ အထိ ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်းနှင့် အလုပ်အကိုင်အခွင့်အလမ်း ၂၀၀၀ ကျော်ဖန်တီးပေးနိုင်မည် ဖြစ်ကြောင်း သိရသည်။

အဆိုပါစက်ရုံတွင် မော်တော်ယာဉ်ထုတ်လုပ်မှုကို ၂၀၂၉ ခုနှစ်တွင် စတင်ရန် ရည်မှန်းထားသည်။ ယင်းစက်ရုံသည် အမေရိကန်ပြည်ထောင်စုတွင် ဟွန်ဒါကုမ္ပဏီ၏ ဆဋ္ဌမမြောက် စက်ရုံဖြစ်လာမည်ဖြစ်သည်။

အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခကြောင့် ကမ္ဘာ့ရေနံဈေးနှုန်းများမြင့်တက်လာပြီး ဓာတ်ဆီဈေးနှုန်းများမှာလည်း ပိုမိုမြင့်တက်လာကြောင်း၊ ထို့ကြောင့် အမေရိကန် ပြည်ထောင်စုတွင် ဟိုက်ဘရစ် မော်တော်ယာဉ် ဝယ်လိုအား မြင့်တက်လျက်ရှိကြောင်း သိရသည်။



အင်န်အိတ်ချ်ကေ

ကုန်သွယ်မှုနှင့် သွားလာမှု လွယ်ကူစေရန် လက်ဘန္ဓနှင့် ဆီးရီးယားနိုင်ငံ နယ်စပ်ဂိတ် ပြန်လည်ဖွင့်လှစ်

ဘေရွတ် နိုဝင်ဘာ ၁၀

လက်ဘန္ဓနှင့်ဆီးရီးယားနိုင်ငံတို့သည် လက်ဘန္ဓနှင့် နိုင်ငံခြောက်ပိုင်း အက်ကာဒေသနှင့် ဆီးရီးယား နိုင်ငံအလယ်ပိုင်း ဟုမ်စ်ပြည်နယ်တို့ကို ဆက်သွယ်ထားသည့် ဒါဘူစီယေး-အဘူဒီယေး နယ်စပ်ဂိတ်ကို နိုဝင်ဘာ ၉ ရက်တွင် ပြန်လည်ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါနယ်စပ်ဂိတ်ကို ပြန်လည်ဖွင့်လှစ်ခြင်းသည် နှစ်နိုင်ငံအကြား ကုန်သွယ်မှုမြှင့်တင်ရန်နှင့် လူများ၊ ကုန်စည်များဖြတ်သန်းသွားလာမှု ပိုမိုလွယ်ကူချောမွေ့စေရန် ရည်ရွယ်ခြင်းဖြစ်သည်။ နယ်စပ်ဂိတ်ဖွင့်ပွဲအခမ်းအနားကို ဆီးရီးယားနိုင်ငံ ဘက်ခြမ်းတွင် ကျင်းပခဲ့ပြီး လက်ဘန္ဓန်ပြည်သူ့ဆောက်လုပ်ရေးနှင့် သယ်ယူပို့ဆောင်ရေးဝန်ကြီး ဖေယက်ဇ် ရာဆမ်နီ၊ ဆီးရီးယားတာဝန်ရှိသူများ၊ နှစ်နိုင်ငံအကောက်ခွန်ဌာနများမှ ကိုယ်စားလှယ်များ၊ လုံခြုံရေးနှင့် စစ်ဘက်ဆိုင်ရာများ တက်ရောက်ခဲ့ကြသည်။

ယင်းနယ်စပ်ဂိတ်မှတစ်ဆင့် နေ့စဉ်ခရီးသွားဦးရေ ၈၀၀၀ မှ ၁၀၀၀၀ အထိနှင့် ကုန်တင်ယာဉ်အစီးရေ ၁၅၀ မှ ၂၀၀ အထိ ဖြတ်သန်းသွားလာနိုင်မည်ဟု မျှော်မှန်းထားကြောင်း ရာဆမ်နီက ပြောကြားသည်။

အဆိုပါနယ်စပ်ဂိတ်မှတစ်ဆင့် လူနှင့်ကုန်စည်များ ဖြတ်သန်းသွားလာမှု များပြားလာခြင်းသည် စီးပွားရေးလှုပ်ရှားမှုများကို ပိုမိုအားကောင်းလာစေမည့်အပြင် အခြားနယ်စပ်ဂိတ်များတွင် ဖြစ်ပေါ်နေသည့် သွားလာမှုဆိုင်ရာ ဝန်ထုပ်ဝန်ပိုးများကိုလည်း လျော့ပါးသက်သာစေမည်ဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

သြစတြေးလျအစိုးရက AI ဘေးကင်းလုံခြုံရေးဆိုင်ရာ စည်းမျဉ်းများ တင်းကျပ်ရန် စီစဉ်

ကင်ဘာရာ နိုဝင်ဘာ ၁၀

OpenAI ၏ AI Agent တစ်ခုက ဖွန်လအတွင်း သြစတြေးလျအစိုးရ၏ ကျန်းမာရေးဆိုင်ရာ ဝက်ဘ်ဆိုက်တစ်ခုအတွင်း ခွင့်ပြုချက်မရှိဘဲ ဝင်ရောက်ခဲ့ခြင်း ဖြစ်သည်။

အဆိုပါ AI Agent သည် အများပြည်သူ ကြည့်ရှုနိုင်သော ဆေးဘက်ဆိုင်ရာ အသုံးစရိတ် စာရင်းများနှင့် အခြားကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ အချက်အလက်များပါဝင်သည့် အစိုးရဝက်ဘ်ဆိုက်တစ်ခု အတွင်းသို့ ခွင့်ပြုချက်မရှိဘဲ ဝင်ရောက်ခဲ့ခြင်း ဖြစ်သည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ OpenAIကသြစတြေးလျအစိုးရထံ စက်တင်ဘာလတွင် အသိပေးခဲ့ပြီးနောက် အစိုးရက အဆိုပါဖြစ်စဉ်ကို ပြန်လည်သုံးသပ်ရန် စီစဉ်ဆောင်ရွက်ခဲ့သည်။ သြစတြေးလျအစိုးရက ပြန်လည်သုံးသပ်မှုမှ ရရှိသည့် အကြံပြုချက်များကို လက်ခံခဲ့ပြီး AI ကုမ္ပဏီများအနေဖြင့် AI ၏ မရည်ရွယ်ထားသော လုပ်ဆောင်မှုများနှင့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဖြစ်စဉ်များကို အစိုးရထံ မဖြစ်မနေ အသိပေးတင်ပြရန်၊ ပြင်းထန်သော စည်းမျဉ်းချိုးဖောက်မှုများနှင့် ပတ်သက်၍ ရာဇဝတ်မှုဆိုင်ရာ ဥပဒေများ ပြင်ဆင်ရေးကိုစဉ်းစားရန် အကြံပြုထားသည်။

သြစတြေးလျ အစိုးရသည် အဆိုပါ ဥပဒေပြဋ္ဌာန်းရေးနှင့် ပတ်သက်၍ သက်ဆိုင်သူများနှင့် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်သွားမည်ဖြစ်ပြီး ဥပဒေ၏ အသေးစိတ်အချက်အလက်များကိုလည်း ဆက်လက် ထုတ်ပြန်သွားမည် ဖြစ်ကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

■

ကမ္ဘာတစ်ဝန်း ဆိုက်ဘာတိုက်ခိုက်မှုများ မြင့်တက်လာခြင်းက ကုမ္ပဏီများ၏ လုံခြုံရေးကွန်ရက် အဆင့်မြှင့်တင်ရန် အခွင့်အရေးဖြစ်စေဟု နိုကီယာနည်းပညာအကြီးအကဲ ပြောကြား

တိုကျို နိုဝင်ဘာ ၁၀

ကမ္ဘာတစ်ဝန်း ဆိုက်ဘာတိုက်ခိုက်မှုများ မြင့်တက်လာခြင်းသည် ကုမ္ပဏီများအနေဖြင့် လုံခြုံရေးကွန်ရက် တည်ဆောက်မှုတွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုပြုလုပ်ရန် လိုအပ်လာစေကြောင်း နိကီယာနည်းပညာကုမ္ပဏီ၏ အကြီးအကဲက ပြောကြားသည်။

နိကီယာဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် ဂျက်စတင် ဟိုတဘ့ဝက် လွန်ခဲ့သည့် သီတင်းပတ်က ဂျပန်နိုင်ငံသို့ လာရောက်စဉ် ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

နိကီယာသည် ဆက်သွယ်ရေးကွန်ရက်ဆိုင်ရာ အခြေခံအဆောက်အအုံများ တည်ဆောက်ရေးလုပ်ငန်းများတွင် ဂျပန်ကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ အဆိုပါလုပ်ငန်းများတွင် AI နှင့် ဆက်စပ်သည့် ဒေတာစင်တာများ တည်ဆောက်ရေးလုပ်ငန်းများလည်း ပါဝင်သည်။

AI ကြောင့် ဒေတာစီးဆင်းမှုပုံစံများ လျင်မြန်စွာ ပြောင်းလဲလျက်ရှိသော်လည်း အချို့ကုမ္ပဏီများသည် ဆယ်စုနှစ်တစ်စုကျော်ကတည်းက အသုံးပြုခဲ့သည့် ခေတ်နောက်ကျနေသောဆော့ဖ်ဝဲစနစ်များကို ဆက်လက်အသုံးပြုနေဆဲဖြစ်ကြောင်း၊ ယင်းအခြေအနေကြောင့် လုံခြုံရေးဆိုင်ရာ အန္တရာယ်များ ဖြစ်ပေါ်လာနိုင်ကြောင်း ၎င်းက ပြောကြားသည်။

ဆိုက်ဘာ တိုက်ခိုက်မှုများ မြင့်တက်လာခြင်းသည် ကုမ္ပဏီများအနေဖြင့် ၎င်းတို့၏ လုံခြုံရေးကွန်ရက်များကို ပိုမိုအဆင့်မြှင့်တင်ရန် အခွင့်အရေးတစ်ရပ် ဖန်တီးပေးလိုက်ခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အင်န်အိတ်ချ်ကေ

မလေးရှား၌ ရေကြီးရေလျှံမှုကြောင့် ငါးဦးသေဆုံး

ကွာလာလမ်ပူ နိုဝင်ဘာ ၁၀

မလေးရှားနိုင်ငံ ဆီလန်ဂေါ ပြည်နယ် ကွာလာကူဘူဘာရူးမြို့အနီး ပါတက်ခ်မြစ်တစ်လျှောက်ရှိ အပန်းဖြေနေရာတစ်ခုတွင် ယမန်နေ့က မြစ်ရေရုတ်တရက် မြင့်တက်ပြီး ရေစီးပြင်းထန်မှုကြောင့် ရှစ်ဦး မျောပါသွားခဲ့ရာ ယနေ့အထိ ငါးဦး၏ရုပ်အလောင်းများကို ရှာဖွေတွေ့ရှိပြီး သုံးဦး ပျောက်ဆုံးနေဆဲ ဖြစ်ကြောင်း အာဏာပိုင်များက ပြောကြားသည်။

ဆီလန်ဂေါပြည်နယ် မီးသတ်နှင့် ကယ်ဆယ်ရေးဌာန လက်ထောက်ညွှန်ကြားရေးမှူး အက်ရှ်ရူးလ်ဓိဇလ်အက်စ်ဘာက ပျောက်ဆုံးနေသူသုံးဦးကို ဆက်လက် ရှာဖွေနေကြောင်း နိုဝင်ဘာ ၁၀ ရက်တွင် သတင်းထောက်များအား ပြောကြားသည်။

ယမန်နေ့ ညနေပိုင်းက ပါတက်ခ် မြစ်တစ်လျှောက်ရှိ နေရာအချို့တွင် ရေစီးပြင်းထန်မှုကြောင့် ရုတ်ခြိုး မျောပါသွားခဲ့ခြင်းဖြစ်ပြီး ၎င်းတို့တွင် မလေးရှား နိုင်ငံသား၊ သီရိလင်္ကာနိုင်ငံသား၊ နီပေါနိုင်ငံသားနှင့် အိန္ဒိယနိုင်ငံသားတို့ ပါဝင်ကြောင်း သိရသည်။

မလေးရှားနိုင်ငံ၌ လတ်တလော အရှေ့မြောက်မုတ်သုံရာသီရောက်ရှိနေပြီး မိုးသည်းထန်စွာရွာသွန်းမှုများသည် လာမည့်နှစ် မတ်လအထိ ဖြစ်ပေါ်နိုင်ကြောင်း သိရသည်။

ဆင်ဟွာ

ထိုင်းနိုင်ငံ၌ အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေး နိုင်ငံတကာညီလာခံ ကျင်းပ

ဘန်ကောက် နိုဝင်ဘာ ၁၀

ကမ္ဘာတစ်ဝန်း ဆက်လက်မြင့်တက်နေသည့် အွန်လိုင်းလိမ်လည်မှုများကို ထိရောက်စွာ တိုက်ဖျက်နိုင်ရေးအတွက် Global Anti-Scam Alliance (GASA) က ဦးဆောင်ကျင်းပသည့် နိုင်ငံတကာ ညီလာခံတစ်ရပ်ကို ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ နိုဝင်ဘာ ၁၀ ရက်မှ ၁၁ ရက်အထိ ကျင်းပလျက်ရှိသည်။

အဆိုပါညီလာခံသို့ နိုင်ငံအသီးသီးမှ အစိုးရဌာနများ၊ ဥပဒေစိုးမိုးရေးအဖွဲ့အစည်းများ၊ ဘဏ္ဍာရေးအဖွဲ့အစည်းများ၊ နည်းပညာကုမ္ပဏီများနှင့် အရပ်ဘက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ Meta နှင့် Google ကုမ္ပဏီများမှ ကိုယ်စားလှယ်များလည်း ပါဝင်တက်ရောက်ကြသည်။

ဖြိတိန်အမျိုးသားမူဝင်းအေဂျင်စီ (NCA) တာဝန်ရှိသူတစ်ဦးက လိမ်လည်မှုလုပ်ငန်းများ လုပ်ကိုင်နေသည့် စခန်းများကိုသာ နိမ့်ခင်းခြင်းမဟုတ်ဘဲ ယင်းကွန်ရက်များကို ဦးဆောင်နေသည့် ရာဇဝတ်ဂိုဏ်းခေါင်းဆောင်များကိုပါ ပစ်မှတ်ထား အရေးယူရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

Global Anti-Scam Alliance ၏ မူဝါဒရေးရာဒါရိုက်တာ အန်ဒရေစကိုရိုဘိုဂါတော့ဗ်ကလည်း အွန်လိုင်းလိမ်လည်မှုများကို တိုက်ဖျက်ရာတွင် နိုင်ငံတကာနှင့် အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုသည် အဓိကကျကြောင်း ပြောကြားသည်။

အင်န်အိတ်ချ်ကေ

အာကာသဆိုင်ရာ ပန်းချီ/ကာတွန်း/ပိုစတာပြိုင်ပွဲနှင့် အာကာသနည်းပညာဆိုင်ရာ ပြခန်းများသို့ လာရောက်လေ့လာကြည့်ရှုသူများဖြင့် အထူးစည်ကား

နေပြည်တော် နိုဝင်ဘာ ၁၀

နေပြည်တော်ကောင်စီနှင့် မြန်မာအာကာသအေဂျင်စီတို့ ကြီးမှူးကျင်းပသည့် အခြေခံပညာအဆင့် အာကာသဆိုင်ရာ ပန်းချီ/ကာတွန်း/ပိုစတာပြိုင်ပွဲနှင့် အာကာသနည်းပညာဆိုင်ရာပြခန်းများ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်း တွင် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-1)၌ အောင်မြင်စွာကျင်းပခဲ့သည်။

အနာဂတ်မျိုးဆက်သစ်လူငယ် မောင်မယ်များ အာကာသသိပ္ပံနှင့် နည်းပညာများကို စိတ်ဝင်စားပြီး အနုပညာမှတစ်ဆင့် သိပ္ပံဆိုင်ရာ စိတ်ကူးစိတ်သန်းများ ဖော်ထုတ် ပြသနိုင်ရန် ရည်ရွယ်ချက်ဖြင့် အဆိုပါပြိုင်ပွဲများကို ဆောင်ရွက်ပေးခြင်းဖြစ်သည်။

အာကာသနည်းပညာဆိုင်ရာ ပြခန်းများတွင်အာကာသနှင့် AI နည်းပညာသုံး စိုက်ပျိုးရေးစနစ် ပြခန်း၊ အာကာသနှင့် AI နည်းပညာ အသုံးချပြခန်းရှိ ရာသီဥတု နှင့် သဘာဝပတ်ဝန်းကျင် စောင့်ကြည့်လေ့လာရေးစနစ်၊ ဂြိုဟ်တု နည်းပညာအသုံးချ Application များ၊ AI နှင့် အမေးအဖြေကဏ္ဍ၊ AI အသုံးပြုစိတ်ဝင်စားဖွယ်ဂိမ်းများ၊ စက်ရုပ်နည်းပညာပြခန်း၊ သိပ္ပံ၊ နည်းပညာ၊ အင်ဂျင်နီယာနှင့် သချာပညာရပ်ပြခန်း၊ နက္ခတ်တာရာနှင့် အာကာသသိပ္ပံပြခန်း၊ အာကာသ စူးစမ်းလေ့လာရေး ပြခန်း၊ နက်ရှိုင်းသောအာကာသ စူးစမ်းလေ့လာရေး သုတေသန ပြခန်းများပြသထားပြီး ပြခန်းများကို ယနေ့တွင် ကျောင်းသား ကျောင်းသူနှင့် ပြည်သူ ၄၇၃၂ ဦး လာရောက်လေ့လာခဲ့ကြကြောင်း နှင့် အဆိုပါပြခန်းများကို နိုဝင်ဘာ ၁၃ ရက်အထိ နေ့စဉ် နံနက် ၈ နာရီခွဲမှ ညနေ ၆ နာရီအထိ လာရောက် လေ့လာနိုင်ကြောင်း သိရသည်။

နေပြည်တော် (ပြန်/ဆက်)



ဆေးတက္ကသိုလ် (၁) ရန်ကုန်၏ ရာပြည့်အထိမ်းအမှတ် (UM 1 Centennial Commemorative In-house Scrabble Tournament) ပြိုင်ပွဲ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၀

ဆေးတက္ကသိုလ်(၁) ရန်ကုန်၏ ရာပြည့်အထိမ်းအမှတ် (UM 1 Centennial Commemorative In-house Scrabble Tournament)ပြိုင်ပွဲကို ယနေ့ နံနက်ပိုင်းက ဆေးတက္ကသိုလ် (၁) ရန်ကုန် Medical Skill, Simulation & Research Center (MSSRC)၌ ကျင်းပသည်။

ပြိုင်ပွဲတွင် ဆေးတက္ကသိုလ် (၁) ရန်ကုန် ဒုတိယပါမောက္ခချုပ် (သင်ကြား) ပါမောက္ခ ဒေါက်တာ ဇော်ဇော်လတ်က အမှာစကားပြောကြားပြီး Scrabble ဆပ်ကော်မတီဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ နန္ဒာရှိန်က ပြိုင်ပွဲကျင်းပခြင်းရည်ရွယ်ချက်နှင့် ကြိုတင်ပြင်ဆင်မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲဝင် ကစားသမား ၂၄ ဦး ယှဉ်ပြိုင်ကာ ပတ်လည်ပြိုင်ပွဲအနေဖြင့် ပထမအဆင့်တွင် နှစ်ယောက်တွဲယှဉ်ပြိုင်ပြီး ဒုတိယအဆင့် ဆက်လက်ယှဉ်ပြိုင်၍ နောက်ဆုံးရရှိလာသည့် ရလဒ်ထဲမှ အမှတ်အများဆုံးကို ပထမနှင့် ဒုတိယဆု၊ တတိယဆုများ ချီးမြှင့်ခဲ့သည်။

ဆေးတက္ကသိုလ် (၁) ဒေါက်တာနန္ဒာရှိန်က "ကျောင်းသားကျောင်းသူတွေအနေနဲ့ နောင်တစ်ချိန်မှာ ဆရာဝန်ကောင်းတွေဖြစ်လာမယ့် ပုဂ္ဂိုလ်တွေဖြစ်တဲ့အတွက် ဆရာဝန်ကောင်းတွေမှာ ရှိသင့်ရှိထိုက်တဲ့ အင်္ဂလိပ်စာဝေါဟာရ အဘိဓာန်တွေကြွယ်ဝစေဖို့၊ ဉာဏ်ရည်ဉာဏ်သွေးထက်မြက်ဖို့၊ စဉ်းစားတွေးခေါ်တဲ့အခါမှာ မှန်မှန်ကန်ကန် စဉ်းစားတွေးခေါ်နိုင်ဖို့၊ ဆုံးဖြတ်ချက်တွေကို ချမှတ်တဲ့အခါမှာ လျင်မြန်စွာ ချမှတ်နိုင်ဖို့၊ အားကစားစိတ်ဓာတ်အပြည့်နဲ့ ယှဉ်ပြိုင်နိုင်ဖို့ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ ကျင်းပတာဖြစ်ပါတယ်" ဟု ပြောသည်။

၁၉၂၇ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့သည့် ဆေးတက္ကသိုလ်(၁)ရန်ကုန်သည် လာမည့် ၂၀၂၇ ခုနှစ် ဖေဖော်ဝါရီတွင် ရာပြည့်သဘင်ပြည့်မြောက်မည်ဖြစ်ပြီး ရာပြည့်ပွဲတော်အကြိုလှုပ်ရှားမှုအနေဖြင့် ကြက်တောင်ရိုက်၊ ဘတ်စကက်ဘော၊ စစ်တုရင်၊ စားပွဲတင်ငါးနှစ်ချောင်း၊ စကားလုံးပဟေဠိ၊ E-sport၊ ရေကူး၊ ဖုန်းဆော့ဘောလုံးပြိုင်ပွဲ၊ အပြေးပြိုင်ပွဲ၊ ပညာရပ်ဆိုင်ရာ ပြဿဒ်ရွှင်ဖွယ် ဉာဏ်စမ်းပြိုင်ပွဲများ ကျင်းပလျက်ရှိသည်။



ဆေးပညာသင်ကြားရေးတွင် အရေးပါသော ဘာသာရပ်ဆိုင်ရာ ဝေါဟာရကြွယ်ဝမှု၊ စဉ်းစားတွေးခေါ်နိုင်မှု၊ မှတ်ဉာဏ်စွမ်းရည်နှင့် ဆုံးဖြတ်ချက်များကို လျင်မြန်စွာနှင့် တိကျသေချာစွာချမှတ်နိုင်သည့် စွမ်းရည်များကိုမြှင့်တင်ပေးရန်၊ ကျောင်းသား ကျောင်းသူများအကြား အားကစားစိတ်ဓာတ်နှင့် Fair Play ယဉ်ကျေးမှုမြှင့်တင်နိုင်ရန်၊ ကျောင်းသား ကျောင်းသူများအကြား ချစ်ကြည်ရင်းနှီးမှု၊ စဉ်းလုံးညီညွတ်မှုနှင့် ပူးပေါင်းဆောင်ရွက်လိုစိတ် တိုးတက်လာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် အဆိုပါပြိုင်ပွဲကို ကျင်းပကြောင်း သိရသည်။

ကျော်ကြီး

မင်းလှမြို့၌ တိုင်းရင်းသားရေးရာနှင့် လူငယ်ရေးရာ အသိပညာပေးဟောပြော

အထက်မင်းလှ နိုဝင်ဘာ ၁၀

မကွေးတိုင်းဒေသကြီး မင်းလှမြို့၌ ဌာနဆိုင်ရာဝန်ထမ်းများနှင့် မင်းလှမြို့ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၂၀ အား တိုင်းရင်းသားရေးရာနှင့် ဗလငါးတန်ဖွဲ့ဖြိုးရေး လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၉ နာရီက မင်းလှမြို့အခြေခံပညာအထက်တန်းကျောင်း မင်းလက်ဝါးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ချင်းတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးထွန်းခင်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တို့က ကျောင်းသား ကျောင်းသူများအား နွေတွင်ခန်းဆက်အမှာစကား ပြောကြားပြီး တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်မြတ်သန္တာဝင်းက တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးနှင့် ရပိုင်ခွင့်များ၊ တားမြစ်ချက်နှင့်ပြစ်ဒဏ်များ၊ ကလေးအလုပ်သမားဆိုင်ရာ ဥပဒေသိမှတ်ဖွယ်ရာများ၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ လူငယ်များ ဗလငါးတန်ဖွဲ့ဖြိုးရေးနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း သိကောင်းစရာများကို အသိပညာပေးဟောပြောကာ အမှန်းစကား လက်ကမ်းစာစောင်များ ဖြန့်ဝေ၍ ဉာဏ်စမ်းမေးခွန်းများ မေးမြန်းဖြေကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



ပဲခူးမြို့နယ်၌ စက်မှုလုပ်ငန်းသုံးဆီများကို အမှန်တကယ်သုံးစွဲခြင်း ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေး

ပဲခူး နိုဝင်ဘာ ၁၀

စက်မှုလုပ်ငန်းသုံးများအတွက်လိုအပ်သည့် စားအုန်းဆီထုတ်ယူရရှိရေး ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့က ရောင်းချွင့်ပြုထားသည့် စက်မှုလုပ်ငန်းသုံး စားအုန်းဆီများကို ပဲခူးမြို့နယ်အတွင်းရှိ စားသောက်ကုန်ထုတ်လုပ်ဖြန့်ဖြူးရောင်းချသည့်လုပ်ငန်းများက အမှန်တကယ်သုံးစွဲမှု ရှိ၊ မရှိကို တိုင်းဒေသကြီး စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးဇော်ဝင်းနှင့် တာဝန်ရှိသူများသည် ယမန်နေ့က ကေရာဇံကျေးရွာရှိ သစ္စာအောင်နှစ်ပြန်ကြော်လုပ်ငန်း၊ ဘုရားကြီးမြို့ရှိ ငွေဇင်ယော်နှစ်ပြန်ကြော်လုပ်ငန်း၊ ပြည့်စုံအာလူးကြော်လုပ်ငန်း၊ တိုင်းကျော် နှစ်ပြန်ကြော်လုပ်ငန်းနှင့် ပုပွါးနှစ်ပြန်ကြော်လုပ်ငန်းများအား ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

ဝဏ္ဏမောင်(ပြန်/ဆက်)



ပေါင်မြို့နယ်၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၃၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနား ကျင်းပ

ပေါင် နိုဝင်ဘာ ၁၀

ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၃၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို နိုဝင်ဘာ ၇ ရက်က ပေါင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝါရီရွှေခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထင်လင်းအောင်က နှစ်ပတ်လည်ဝမ်းမြောက်စကား ပြောကြားပြီး ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဖြစ်ပေါ်လာပုံ ဗီဒီယိုမှတ်တမ်းနှင့် ၂၀၂၆ ခုနှစ်အတွင်း ပေါင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ တစ်နှစ်တာ လှုပ်ရှားမှုဓာတ်ပုံများကို ဖွင့်လှစ်ပြသကာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက အငြိမ်းစားဝန်ထမ်းများအား ဂါရဝပြုကန်တော့ခြင်း၊ အမှတ်တရ လက်ဆောင်ပစ္စည်းများပေးအပ်ခြင်း၊ ဝန်ထမ်းများအတွက် ပျော်ရွှင်ဖွယ်ရာ ကစားမဲမဲများဖောက်ပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မွန်မလေး(ပြန်/ဆက်)



ရေနံချောင်းတက္ကသိုလ်၌ အသိပညာပေးဟောပြော

ရေနံချောင်း နိုဝင်ဘာ ၁၀

ရေနံချောင်းတက္ကသိုလ်၌ အယ်လ်နီညိုရာသီဥတု ဖြစ်စဉ်ကာလဝယ် ကျန်းမာအောင်နေကြမယ် ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောပွဲကို ယမန်နေ့ကကျင်းပရာ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဒေါ်နွယ်နီနိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဇင်ဦးနှင့် မြို့နယ်ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူး ဆေးရုံအုပ်ကြီးတို့က အသိပညာပေးဆွေးနွေးကြပြီး သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးစိုင်းမြင့်အေးက ပါဝင်ဆွေးနွေးဟောပြောသူများကို ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်ပေးအပ်ကာ အခမ်းအနားသို့ တိုင်းဒေသကြီး ချင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးထွန်းခင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ ရေနံချောင်းတက္ကသိုလ် ဒုတိယပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

စိုးကြီး(ပြန်/ဆက်)



စားရေရိုက္ခာဖူလုံရေးနှင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍာမြှင့်တင်ရေးအတွက် အကောင်အထည်ဖော်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



ဟားခါး နိုဝင်ဘာ ၁၀

စားရေရိုက္ခာဖူလုံရေးနှင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍာမြှင့်တင်ရေးအတွက် အကောင်အထည်ဖော်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁/၂၀၂၆) ကို ယနေ့နံနက်ပိုင်းတွင် ဟားခါးမြို့ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ချင်းပြည်နယ် စားရေရိုက္ခာဖူလုံရေးအတွက် သက်ဆိုင်ရာ ဌာနများအနေဖြင့် ပြည်နယ်၏ မြေမျက်နှာသွင်ပြင် အခြေအနေအရ ရာသီဥတုဒဏ်ခံနိုင်ရည်ရှိသော မျိုးစေ့များ၊ မည်သို့စိုက်ပျိုးသင့်သည်၊ မည်သည့် တိရစ္ဆာန်များ မည်သို့မွေးမြူသင့်သည် စသည်ဖြင့် နိဒါန်းတော်၏ ရည်မှန်းချက်၊ မျှော်မှန်းချက်နှင့် မြေပြင်လုပ်ဖြံ့ရေးအခြေအနေများကိုလည်း ထည့်သွင်းစဉ်းစား၍ မြေပြင်အမှန် ဆောင်ရွက်နိုင်မည့် လက်တွေ့ကျသည့်လုပ်ငန်းများ ဆွေးနွေးတင်ပြကြစေလိုကြောင်း ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ဝုန်ဆွန်းထန်က အမှာစကားပြောကြားသည်။

ယင်းနောက် ချင်းပြည်နယ် စားရေရိုက္ခာဖူလုံရေးနှင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍာ မြှင့်တင်ရေး ကော်မတီဝင်များက မိမိတို့ကဏ္ဍအလိုက်ဆောင်ရွက်ပြီး ဆောင်ရွက်ဆဲနှင့် မြေပြင်တွင်အမှန်တကယ် ဆောင်ရွက်နိုင်မည့်လုပ်ငန်းများကို တင်ပြချက်များ အပေါ်ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးများက အကြံပြု ဖြည့်စွက်ဆွေးနွေးတင်ပြကြပြီး ပြည်နယ်ဝန်ကြီး ချုပ်က လိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်းပေးကာ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

ရွှေသွေးဂျာနယ်ထွက်ရှိ



နေပြည်တော် နိုဝင်ဘာ ၁၀

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၁၄-၁၁-၂၀၂၆ ရက်(စနေနေ့) တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၈) ၊ အမှတ် (၄၆) တွင် လိပ်ပြာဥလေးမှ ခူကောင်လေး ပေါက်လာပြီးနောက် လိပ်ပြာလေး ဖြစ်သွားပုံအကြောင်း သရဖ်ဖော်ထားသည့် "လိပ်ပြာပုံပြင်" မျက်နှာဖုံးကာတွန်း၊ တိရစ္ဆာန်ငယ်လေး အချို့၏ သဘာဝအလျောက် ထူးခြားစွာ နေထိုင်ကျက်စားကြပုံကို ရေးသားထားသည့် သုတ ဆောင်းပါးကဏ္ဍ၊ 'သတိတမံ ဉာဏ်' မြေကတုတ် ချွန်းကွဲသို့အုပ်' ဟူသည့် မြန်မာစကားပုံ၏ အသုံးပြုပုံကို ရှင်းလင်းတင်ပြထားသည့် "ရွှေသွေးတို့အတွက် မြန်မာစကားပုံများ" ကဏ္ဍ၊ သူငယ်ချင်း အချင်းချင်း ရိုင်းပင်းကူညီတတ်သော မြင်ကွင်းအကြောင်း သရုပ်ဖော်ထားသည့် "သူငယ်ချင်းကောင်း" နှစ်မျက်နှာကာတွန်း၊ ကျေးလက်ဒေသနေ ကလေးငယ်နှစ်ဦး၏ ကျောက်ခဲကြေး သစ်ရွက်မွှေတမ်း ကစားကြပုံအကြောင်း ရေးသားထားသည့် "သစ်ရွက်မွှေတမ်း ကစားမယ်" ဝတ္ထုကဏ္ဍ၊ စာရေးစာဖတ်ပြုလုပ်ပေးနိုင်မည့် စက်ရုပ်များကို တီထွင်စေလိုသည့် ဟန်သိမ အကြောင်း သရုပ်ဖော်ထားသည့် "ဟန်သိမ" တစ်မျက်နှာကာတွန်း၊ ကလေးတို့အနေဖြင့် စာကြိုးစားပြီး လူကြီးမိဘတို့၏ ဆုံးမစကားများကို လိုက်နာသင့်ပုံကို ရေးစပ်ထားသည့် ဆရာမင်းနိုင်ဦး (မောင်တော)၏ "မောင်ရွှေသွေး" ကဗျာကဏ္ဍအပါအဝင် အင်္ဂလိပ်စာကဏ္ဍ စုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်သည်။ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန်စာအုပ် အရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်သည်။ သတင်းစဉ်

ဘီးလင်းမြို့နယ်ရှိ ကျေးရွာများ၌ အယ်လ်နီညိုအပူဒဏ်ကာကွယ်ရေး အသိပညာပေးဆွေးနွေး



ဘီးလင်း နိုဝင်ဘာ ၁၀

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် အယ်လ်နီညို အပူဒဏ်ကာကွယ်ရေး အသိပညာပေးဆွေးနွေးခြင်းကို နိုဝင်ဘာ ၉ ရက်က ငါးဘတ်ချောင်းကျေးရွာ၊ ညောင်ပုလွင်ကျေးရွာနှင့် လိပ်ခုံးကျေးရွာတို့၌ ကွင်းဆင်းဆောင်ရွက်ရာ အယ်လ်နီညို အပူဒဏ်ကြောင့် ပူပြင်းခြောက်သွေ့မှု ဖြစ်ပေါ်လာနိုင်သည့်အတွက် သောက်ရေသုံးရေ ပြတ်လပ်မှု မရှိစေရေး ကြိုတင်စုဆောင်းရန်၊ ရေကိုချွေတာသုံးစွဲရန်၊ စိုက်ပျိုးရေး ပြတ်လပ်မှု မဖြစ်ပေါ်စေရေး၊ ကျန်းမာရေးနှင့် ပတ်သက်၍ အပူလျှပ်ခြင်းများ မဖြစ်ပေါ်စေရေး အယ်လ်နီညိုဒဏ် ကာကွယ်ရေး ကြိုတင်စီမံ ဆောင်ရွက်ရမည့် ပြင်ဆင်မှုများ ဆောင်ရွက်သွားရန် ဆွေးနွေးပေးခဲ့ပြီး ကျေးရွာသူကျေးရွာသားများအား အယ်လ်နီညိုနှင့်ပတ်သက်သည့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ဘုန်းမြတ်

ရေကြည်လင်မှ စိတ်အေးချမ်း၊ ရေချိုထိန်းမှ ကမ္ဘာစိမ်းလန်း

✷ *ကျောဖုံးမှ*

အဆိုပါဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘော (အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုများကို ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အရာထမ်း/အမှုထမ်းများ၊ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးပြီး ဝန်ကြီးဌာန ပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ အမျိုးသား ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းကို (၃)ပွဲ (၁)ပွဲဖြင့်လည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းနှင့် ပညာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက ပညာရေးဝန်ကြီးဌာနအသင်းကို (၃)ပွဲဖြင့်လည်းကောင်း၊ အားကစားရေးရာဝန်ကြီးဌာနအသင်းနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အားကစားရေးရာဝန်ကြီးဌာနအသင်းက (၂)ပွဲ ပြတ်ဖြင့်လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအသင်းနှင့် ဘဏ္ဍာရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပြန်ကြားရေးဝန်ကြီးဌာနအသင်းက (၂)ပွဲ (၁)ပွဲဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ဆက်လက်၍ အမျိုးသမီး ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များအဖြစ် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းနှင့် ပညာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပညာရေးဝန်ကြီးဌာနအသင်းက နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းကို (၃)ပွဲပြတ်ဖြင့်လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းကို (၃)ပွဲပြတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

၂၀၂၆ ခုနှစ် နိုဝင်ဘာ ၁၁ ရက် နံနက် ၉ နာရီမှစတင်၍ "၂၀၂၆ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ" အမျိုးသားပထမအဆင့်အုပ်စုပတ်လည် ပွဲစဉ်များအဖြစ် ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အသင်း၊ လူငယ်မူကြိုးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအသင်းနှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပညာရေးဝန်ကြီးဌာနအသင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းနှင့် ကျန်းမာရေးဝန်ကြီးဌာနအသင်း၊ အမျိုးသမီးပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် ပညာရေးဝန်ကြီးဌာနအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို "အခမဲ့" လာရောက် ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

သတင်းစဉ်

❒ *ကျောဖုံးမှ*

အက်စတွန်ဒီလာအသင်းကို တစ်ဖက်လေးဂိုးစီ သရေကျပြီးနောက် အမှတ်ပေးဖောင်းတန်းဆင်းဇုန်အတွင်း ကျရောက်ခဲ့ပြီး နှစ်ပေါင်း ၄၀ အတွင်း အဆိုးရွားဆုံး ရာသီစတင်မှုအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ကာရစ်၏နေရာကို အစားထိုးခန့်အပ်ရန် နယူးကာဆယ်နည်းပြဟောင်း အက်ဒီဟောင်း၊ ဂျာမနီ နည်းပြဟောင်း နဂယ်စမန်း၊ ချယ်ဆီးနည်းပြဟောင်း ကွန်တီ၊ စပါးနည်းပြဟောင်း ပိုချက်တီနိုတို့ ထင်ကြေးပေးခံနေရကြောင်း သိရသည်။

အဆိုးရွားဆုံးရပ်တည်မှုဖြစ်လာ

မန်ယူအသင်းသည် ပရီမီယာလိဂ် ၁၀ ပွဲ ယှဉ်ပြိုင်ကစားအပြီးတွင် တစ်ပွဲသာ နိုင်ပွဲရရှိပြီး အဆင့် ၁၈ တွင် ရပ်တည်နေသည့်အတွက် ၁၉၈၆-၈၇ ရာသီနောက်ပိုင်း အဆိုးရွားဆုံး ရပ်တည်မှုဖြစ်လာသည်။ ထို့အပြင် နည်းပြ ကာရစ်သည် ယခုနှစ်ရာသီအတွင်း မန်ယူအသင်း ယှဉ်ပြိုင်ကစားခဲ့သည့် ပြိုင်ပွဲစုံ ၁၅ ပွဲတွင် သုံးပွဲသာ နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားနိုင်သည်။

မန်ယူအသင်းသည် ပရီမီယာလိဂ် ၁၀ ပွဲကစားပြီးချိန်တွင် တိုက်စစ်က ၁၄ ဂိုးသာ ရရှိပြီး ခံစစ်က ၁၉ ဂိုးအထိ ပြန်လည်ခွင့်ပြုပေးထားရသည့်အတွက် ခံစစ်အဆိုးရွားဆုံး စာရင်းထဲလည်း ပါဝင်နေသည်။

မန်ယူအသင်းသည် လာမည့် နိုဝင်ဘာ ၂၂ ရက်တွင် အန်းဖီးလ်ကွင်း၌ နာမည်ကြီး လီဗာပူးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

အောင်စော်

❍ *ကျောဖုံးမှ*

ပြည်တွင်းလိဂ်တွင် ငါးဂိုး၊ ကဗ္ဘောဒီးယားလိဂ်တွင် ခြောက်ဂိုးနှင့် မြန်မာလက်ရွေးစင်အသင်းအတွက် သုံးဂိုး သွင်းယူထားသည်။

ရန်ကုန်စီးတီးသို့ ပြောင်းရွှေ့မှုနှင့်ပတ်သက်၍ စိုးမိုးကျော်က အသင်း၏ စနစ်တကျ ပြင်ဆင်လေ့ကျင့်မှုများကြောင့် လာရောက်ပူးပေါင်းခြင်းဖြစ်ကြောင်းနှင့် အကောင်းဆုံးကြိုးစားသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ စိုးမိုးကျော်သည် M League ဒုတိယအကျော့ စတင်ချိန်မှစ၍ ရန်ကုန်စီးတီးအသင်း၌ စတင်ပါဝင်ကစားသွားမည်ဖြစ်သည်။

နေမျိုး၊ ဓာတ်ပုံ-YCFC

✪ *ကျောဖုံးမှ*

ယနေ့ပွဲစဉ်သည် အဆင့်(၄)နေရာမှ ရတနာပုံအသင်းနှင့် အဆင့်(၅) နေရာမှ ရှမ်းယူနိုက်တက်အသင်းတို့ တွေ့ဆုံမှုဖြစ်ပြီး ဦးဆောင်ဂိုးရရှိရေး အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ကြသော်လည်း ပထမပိုင်းပြီးဆုံးချိန်အထိ ဂိုးမရှိ သရေကျခဲ့သည်။ ဒုတိယပိုင်းတွင် ရတနာပုံအသင်းဘောလုံးပိုင်ဆိုင်မှုအသာဖြင့် ခြေစွမ်းပြကစားခဲ့ပြီး ၄၈ မိနစ်တွင် သာထက်နောင်နှင့် ၉၀+၅ မိနစ်တွင် ရဲရင့်အောင်တို့က အနိုင်ဂိုးများသွင်းယူခဲ့ကာ ရှမ်းယူနိုက်တက်ကို အနိုင်ယူခဲ့သည်။ ပွဲစဉ်အကောင်းဆုံးကစားသမား ဆုကို ရတနာပုံအသင်းမှ Sai Mao Han ကရရှိခဲ့သည်။

အပတ်စဉ်(၂၃) ပွဲစဉ်များအပြီးတွင် ရန်ကုန်ယူနိုက်တက်က ၅၅ မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံးမှ ရပ်တည်ခဲ့သည်။ ISPE အသင်း ၅၀ မှတ်၊ ဒဂုံစတားယူနိုက်တက် ၄၉ မှတ်၊ ရတနာပုံ ၄၂ မှတ်၊ ရန်ကုန်စီးတီး ၄၀ မှတ်၊ ရှမ်းယူနိုက်တက် ၃၈ မှတ်၊ FALCON FC နှင့် GALAXY FC ၃၃ မှတ်စီ၊ သစ္စာအားမာန် ၃၀ မှတ်၊ ဧရာဝတီယူနိုက်တက် ၂၂ မှတ်၊ ဟံသာဝတီယူနိုက်တက် ၂၁ မှတ်၊ စစ်ကိုင်းယူနိုက်တက် ၁၈ မှတ်၊ မြဝတီ ၁၁ မှတ်နှင့် ချင်းလန်းအသင်း ၈ မှတ် အသီးသီး ရရှိထားသည်။

နေမျိုး၊ ဓာတ်ပုံ-MFF

လှည်းကူးမြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေး ဆွေးနွေးပွဲကျင်းပ



လှည်းကူး နိဝင်ဘာ ၁၀

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ယမန်နေ့က မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးခန်း၌ ကျင်းပသည်။

ဦးစွာ မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးအောင်နိုင်သူက လုပ်ငန်းရှင်များအား အခွန်ကဏ္ဍတစ်ရပ်ချင်း အလိုက် သိကောင်းစရာများ၊ အခွန်အမှတ် တံဆိပ်ကပ်နိုပ်ခြင်း ဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ အခွန်ဆိုင်ရာ သိမှတ်ဖွယ်ရာများကို ရှင်းလင်းဆွေးနွေးခဲ့ရာ ဆွေးနွေးပွဲသို့ မြို့နယ်အဆင့် အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့ဝင်များနှင့် လုပ်ငန်းရှင်အခွန်ထမ်းဦးရေ စုစုပေါင်း ၄၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **အိန္ဒြေစင်လတ်(ပြန်/ဆက်)**

တပ်ကုန်းမြို့နယ်အတွင်း သမဝါယမမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်



တပ်ကုန်း နိဝင်ဘာ ၁၀

နေပြည်တော် တပ်ကုန်းမြို့နယ် သမဝါယမဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် (စီးပွား) ဦးအောင်ပြည့်စိုးနှင့် တာဝန်ရှိသူများသည် နိဝင်ဘာ ၇ ရက်က ကံကြီးကျေးရွာ ကံကြီးလယ်ထွေသမဝါယမ အသင်းနှင့် ကံရတနာ စိုက်ထွေသမဝါယမ အသင်းတို့မှ နို့နှင့် နို့ထွက်ပစ္စည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်အုပ်တစ်မ နို့စားနွားမွေးမြူရေးလုပ်ငန်း တိုးမြှင့်ဆောင်ရွက်နိုင်ရန် လက်ရှိ နို့စားနွားမွေးမြူရေးခြံသို့ သွားရောက်ကြည့်ရှုပြီး သမဝါယမစနစ်ဖြင့် မွေးမြူရေးအတွက် နိုင်ငံတော်၏ ဖြည့်စွက်ခွင့်ပြုဘာဏ္ဍာရန်ပုံငွေမှ ပံ့ပိုးပေးမည့်အစီအစဉ်တွင် နွားကောင်ရေ၊ နွားခြံ၊ အစာ၊ ဆေးဝါးကို ချိတ်ဆက် ဆောင်ရွက်ထားရှိမှု၊ ဇီဝလုံခြုံရေးထားရှိမှု အခြေအနေများကို စစ်ဆေးမေးမြန်းဆွေးနွေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။ **တင်စိုးလွင်**

မုဒုံမြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် သရုပ်ပြသ



မုဒုံ နိဝင်ဘာ ၁၀

မွန်ပြည်နယ် မုဒုံမြို့နယ်၌ ပွင့်လင်းရာသီ ရောက်ရှိလာပြီဖြစ်၍ ဒေသခံပြည်သူများ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် အသိပညာပေး ဟောပြောပွဲနှင့် မီးဘေးသရုပ်ပြသ ဆောင်ရွက်ခြင်းကို ယမန်နေ့က ရွှေဟင်္သာဈေးကြီး၌ ပြုလုပ်ရာ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးဖုန်းမြင့်အေးက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ထို့နောက်မီးသတ်တပ်ဖွဲ့ဝင်များက ရွှေဟင်္သာဈေးရှိ မီးသတ်ပိုက်များဖြင့် မီးငြိမ်းသတ်လက်တွေ့သရုပ်ပြသခဲ့ပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီခေတ္တဥက္ကဋ္ဌ မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးဆန်းညွှန့်၊ ဌာနဆိုင်ရာများနှင့် ဈေးသူဈေးသားများ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

မိုင်းဆတ်မြို့၌ မြို့နယ်ပညာရေးမှူးဖလား အခြေခံပညာကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲဖွင့်ပွဲ ကျင်းပ



မိုင်းဆတ် နိဝင်ဘာ ၁၀

မိုင်းဆတ်မြို့၌ ၂၀၂၆ - ၂၀၂၇ ပညာသင်နှစ် မြို့နယ်ပညာရေးမှူးဖလား အခြေခံပညာကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲဖွင့်ပွဲကို နိဝင်ဘာ ၉ ရက်က အောင်ဇေယျာဘက်စုံအားကစားကွင်း၌ ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးအေးသိန်းက အားကစားပြိုင်ပွဲ ကျင်းပရခြင်းနှင့်ပတ်သက်၍ ပြောကြားပြီး ဘင်ခရာအဖွဲ့ သုံးဖွဲ့နှင့် ပန်းဖွားအဖွဲ့များက အာရှမြန်မာသီချင်းဖြင့် တီးမှုတ်ကပြဖျော်ဖြေသည်။

အဖွင့်ပွဲစဉ်အဖြစ် အသက် ၁၈ နှစ်အောက် (ကျား)ဘောလုံးပြိုင်ပွဲတွင် အခြေခံပညာအထက်တန်းကျောင်း(မိုင်းဆတ်)နှင့် M-3 Stars အသင်းတို့ယှဉ်ပြိုင်ကစားကြရာ အခြေခံပညာအထက်တန်းကျောင်း(မိုင်းဆတ်)က တစ်ဂိုး - ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ အဆုံးပါ အားကစားပြိုင်ပွဲကို နိဝင်ဘာ ၉ ရက်မှ ၁၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး အခြေခံပညာကျောင်း ၉၆ ကျောင်းမှ ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။ **ယဉ်ယဉ်ဝင်း(ပြန်/ဆက်)**



ကျွန်းစုမြို့၌ ဝက်သက်၊ ဂျိုက်သိုးရောဂါ ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံပေး

ကျွန်းစု နိဝင်ဘာ ၁၀

ကျွန်းစုမြို့နယ်တွင် ယနေ့နံနက်ပိုင်းက အမှတ် ၂ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာရဲမင်းဦးနှင့် ကျန်းမာရေးဝန်ထမ်းများက ရပ်ကွက်အတွင်းရှိ အသက် ၉ လမှ ၅၉ လအရွယ် ကလေးငယ်များအား ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေး ထိုးနှံပေးခဲ့ရာ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲဝင်းထိုက်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြပြီး လိုအပ်သည်များ မှာကြားသည်။ **ထက်မြင့်(ကျွန်းစု)**

ဘီးလင်းမြို့နယ်၌ ဝက်သက်၊ ဂျိုက်သိုးရောဂါ ကာကွယ်ဆေး ထိုးနှံပေး

ဘီးလင်း နိဝင်ဘာ ၁၀

ဘီးလင်းမြို့နယ်အတွင်းရှိ အသက် ၉ လမှ ၅၉ လအရွယ် ကလေးငယ်များအား ဝက်သက်နှင့် ဂျိုက်သိုးရောဂါ ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံပေးခြင်းကို နိဝင်ဘာ ၉ ရက်က မြို့နယ်အတွင်းရှိ ကာကွယ်ဆေးထိုးစုရပ် တို၌ ကျန်းမာရေးဝန်ထမ်းများနှင့် တာဝန်ရှိသူတို့ ပူးပေါင်းဆောင်ရွက်ကြပြီး ဘီးလင်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမင်းဇေဌာထိုက်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့သည်။ ဘီးလင်းမြို့နယ်တွင် ဆေးထိုးစုရပ် ၁၁၉ ခုတို၌ နိဝင်ဘာ ၉ ရက်မှ ၁၃ ရက်အထိ ထိုးနှံပေးသွားမည်ဖြစ်သည်။ **မြို့နယ်(ပြန်/ဆက်)**





ကော့သောင်းမြို့နယ်၌ ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေးများ ထပ်ဆောင်းထိုးနှံပေး

ကော့သောင်း နိဝင်ဘာ ၁၀

ကော့သောင်းမြို့နယ်၌ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အသက် ၉လမှ ၅၉ လအရွယ် ကလေးငယ်များအား ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေးများ ထပ်ဆောင်းထိုးနှံပေးခြင်းကို မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအလိုက် သတ်မှတ်ဆေးထိုးစုရပ်များ၌ နိဝင်ဘာ ၉ ရက်မှ ၁၃ ရက်အထိ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ခရိင်(ပြန်/ဆက်)**



ကျောက်တံခါးမြို့နယ်၌ ဝက်သက်၊ ဂျိုက်သိုးရောဂါ ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံပေး

ကျောက်တံခါး နိဝင်ဘာ ၁၀

ကျောက်တံခါးမြို့နယ်အတွင်းရှိ အသက် ၉ လမှ ၅၉ လအရွယ် ကလေးငယ်များအား ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံပေးခြင်းကို နိဝင်ဘာ ၉ ရက်မှ ၁၃ ရက်အထိ ထိုးနှံပေးလျက်ရှိရာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစည်သူစန်းနှင့် ကျန်းမာရေးဝန်ထမ်းများက ယနေ့နံနက်ပိုင်းတွင် ဈေးပိုင်းရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ဆက်လက်ထိုးနှံပေးခဲ့ပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **မျိုးမင်း(ပြန်/ဆက်)**

ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် နိဝင်ဘာ ၁၀

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားကပြည်သူ့စကား"** အစီအစဉ်မှ **"ပြည်သူပိုင် စည်းစိမ်ဥစ္စာများကို ကိုယ်ကျိုးရှာခေါင်းပုံဖြတ် ဖျက်ဆီးရောင်းချ အမြတ်ကြီးစားနေတဲ့ NUG လက်အောက်ခံ အကြမ်းဖက် PDF များ"** ခေါင်းစဉ်ဖြင့် နိဝင်ဘာ ၁၁ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် နိဝင်ဘာ ၁၈ ရက် မွန်းလွဲ ၁ နာရီတွင် **"နိုင်ငံ၏ အဓိုးတန်သဘာဝသယံဇာတများကို ခိုးယူသုံးစွဲရှိသာမက ပြည်သူ့အကျိုးစီးပွား ထိခိုက်စေမည့်လုပ်ရပ်များကို ဥပဒေအဲ့ကျူးလွန်နေကြတဲ့ အကြမ်းဖက် PDF များ"** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်သည်။ အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

ချောင်းဆုံမြို့နယ်၌ ဝက်သက်-ဂျိုက်သိုးရောဂါ ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံ

ချောင်းဆုံ နိုဝင်ဘာ ၁၀

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်အတွင်းရှိ အသက် ၉ လမှ ၅၉ လအရွယ် ကလေးငယ်များအား ဝက်သက်-ဂျိုက်သိုးရောဂါ ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံပေးခြင်းနှင့် အသိပညာပေးဆွေးနွေးပွဲကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်ကျန်းသာယာခန်းမနှင့် သတ်မှတ်ထားသည့် ဆေးထိုးစုရပ်များ၌ တစ်ပြိုင်တည်း စတင် ဆောင်ရွက်လျက်ရှိရာ ဌာနမှူး ဒေါက်တာသူဇာဝင်းနှင့် ကျန်းမာရေးဝန်ထမ်းများက ကလေးငယ်များအား ရောဂါကာကွယ်ဆေးများ ထိုးနှံပေးခြင်း၊ မိဘအုပ်ထိန်းသူများအား ဝက်သက်နှင့် ဂျိုက်သိုးရောဂါကာကွယ် တားဆီးရေးဆိုင်ရာ ကျန်းမာရေး အသိပညာပေးဆွေးနွေးခြင်းများကို ဆောင်ရွက်ပေးခဲ့ကြသည်။



ကိုကျော်(ချောင်းဆုံ)



(၃၈) နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ အခမ်းအနားကို နိုဝင်ဘာ ၇ ရက်က တနင်းမြို့ ပုန်ခုန်းရပ်ကွက် ဟူးကောင်းခန်းမ၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းနှင့် နယ်မြေခံတပ်မှ ဗိုလ်မှူးချုပ် ကျော်ဖုန်းအောင်တို့ အမှာစကား ပြောကြားစဉ်။ မနောမြေ(တနိုင်း)

တာလေမြို့၌ ရေရှားပါးမှု/ရေပြတ်လပ်မှုများ ကာကွယ်နိုင်ရေးကွင်းဆင်းစစ်ဆေး

တာလေ နိုဝင်ဘာ ၁၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာလေမြို့၌ အယ်လ်နီညိုဖြစ်စဉ်နှင့်ဆက်စပ်၍ ဖြစ်ပေါ်လာနိုင်သည့် ရေရှားပါးမှု/ရေပြတ်လပ်မှုများ ကာကွယ်နိုင်ရေး နိုဝင်ဘာ ၄ ရက်က ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာနခွဲ(ကျိုင်းတုံ)မှ ဌာနခွဲတာဝန်ခံ ဦးစိုင်းခွန်ဇော်ဦးက အယ်လ်နီညိုဖြစ်စဉ်နှင့်ဆက်စပ်၍ ဖြစ်ပေါ်လာနိုင်သည့် ရေရှားပါးမှု/ရေပြတ်လပ်မှုများ ကာကွယ်နိုင်ရေး အတွက် ရေသုံးစွဲမှု စနစ်တကျရှိစေရေးနှင့် ရေအလေအလွင့်မရှိစေရေး တို့ကို မှာကြားခဲ့ပြီး တာလေမြို့နယ်ခွဲစည်ပင်သာယာရေးမှ တာဝန်ရှိသူများနှင့်အတူ ဌာနပိုင် ရေဂါလန် ၃၀၀၀၀ ဆံ့ ရေစုကန်တွင် ရေသို့လှောင်ထားရှိမှုအခြေအနေတို့ကို ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။



သီတာအေး(ပြန်/ဆက်)



ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အယ်လ်နီညိုကြောင့် သောက်သုံးရေပြတ်လပ်မှု မရှိစေရေးအတွက် တူးဖော်ထားခဲ့သော ရေအရင်းအမြစ်များ လည်ပတ်သုံးစွဲမှုအခြေအနေနှင့် သောက်သုံးရေဖူလုံစွာရရှိစေရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို နိုဝင်ဘာ ၈ ရက်တွင် ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးညွန့်ဇော်၊ အုတ်မြို့မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်စိုးနှင့် ဝန်ထမ်းများ ကွင်းဆင်းစစ်ဆေးစဉ်။ ငယ်လေး

မင်းဘူးမြို့နယ်၌ နေကြာစိုက်ပျိုးသည့် တောင်သူများအား ချေးငွေများထုတ်ချေးခြင်းနှင့် အယ်လ်နီညိုဆိုင်ရာ အသိပညာပေးဟောပြော

မင်းဘူး နိုဝင်ဘာ ၁၀

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ကုန်းသာကျေးရွာ၌ နေကြာစိုက်ပျိုးသည့် တောင်သူများအား မြစိမ်းရောင်ကျေးရွာစိမ်ကိန်း (ဆီထွက်သီးနှံ) ချေးငွေထုတ်ချေးပေးခြင်းကို နိုဝင်ဘာ ၈ ရက်က အဆိုပါကျေးရွာစုရုပ်ဆောင်၌ ကျင်းပရာ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက စိမ်ကိန်းရန်ပုံငွေကျပ် ၃၄၅ သိန်းကို ကုန်းသာကျေးရွာ စိမ်ကိန်းလုပ်ငန်းအဖွဲ့ထံသို့ လွှဲပြောင်းပေးအပ်ပြီး ကျေးရွာရှိ နေကြာစိုက်ပျိုးသည့် တောင်သူ ၁၀၅ ဦးအား ငွေကျပ် ၃၄၅ သိန်းကို အတိုးနှုန်းသက်သာစွာဖြင့် တစ်ဦးချင်းထုတ်ချေးပေးခဲ့သည်။



မြို့နယ်ဦးစီးမှူး ဦးကျော်မင်းထွန်းက ဈေးပါအယ်လ်နီညိုဖြစ်စဉ်နှင့်ပတ်သက်၍ ကြုံတင်ပြင်ဆင်ရန်အချက်များ၊ စိုက်ပျိုးရေးနှင့် သောက်သုံးရေကို ချွေတာသုံးစွဲရန်နှင့် ရေပြတ်လပ်မှုများ ဖြစ်ပေါ်လာပါက အချိန်နှင့်တစ်ပြေးညီ ဌာနသို့ ဆက်သွယ်အကြောင်းကြားရန် အသိပညာပေး ဟောပြောခဲ့သည်။

အထွေး



မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ဆံတော်ရှင်ကျိုက်ထီးရိုးတောင်ပေါ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးစစ်ဆေးခြင်းကို နိုဝင်ဘာ ၆ ရက်က ကျိုက်ထီးရိုးနယ်မြေ မီးသတ်စခန်းတာဝန်ခံ ဦးအောင်ငြိမ်းနှင့် တပ်ဖွဲ့ဝင်များ ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)

ပြည်ကြီးတံခွန်မြို့နယ်၌ အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲ ယှဉ်ပြိုင်ရန် မူလတန်းအဆင့် ဆန်ခါတင် ရွေးချယ်

ပြည်ကြီးတံခွန် နိုဝင်ဘာ ၁၀

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် အမှတ်(၂၇) အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း၌ ယမန်နေ့နံနက်ပိုင်းက အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် မူလတန်းအဆင့် ဆန်ခါတင်ရွေးချယ်ရေးကျင်းပရာ ပြည်ကြီးတံခွန်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ ၂၉၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး မဟာအောင်မြေခရိုင်ပညာရေးမှူး ဒေါ်ခင်လေးဖြူနှင့် ပြည်ကြီးတံခွန်မြို့နယ် ပညာရေးမှူး ဒေါ်အေးသန္တာနိုင်တို့က ကြီးကြပ်ခဲ့ကြောင်း သိရသည်။



ဇင်မင်းမောင်(ပြန်/ဆက်)



မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် မလွန်ကျေးရွာအုပ်စု ကတကျေးရွာ၌ အယ်လ်နီညိုဖြစ်စဉ်ကြောင့် သောက်သုံးရေရှားပါးပြတ်လပ်မှုများ ဖြစ်ပေါ်လာနိုင်သည့်အတွက် ပြည်သူများ ကြိုတင်ပြင်ဆင်နိုင်ရန်နှင့် ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန် အသိပညာပေးခြင်းကို နိုဝင်ဘာ ၆ ရက်တွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဒေါ်လှမျိုးသူက ရှင်းလင်းပြောကြားစဉ်။ ဆက်လူ



မိုင်းဆတ်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ပြည်နယ်ရန်ပုံငွေများဖြင့် ကျေးလက်လမ်းတံတားလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ စစ်ဆေးရေးအရာရှိချုပ် ဦးဇော်မျိုးထွေးနှင့် တာဝန်ရှိသူများက နိုဝင်ဘာ ၉ ရက်တွင် ကွင်းဆင်းစစ်ဆေးစဉ်။ ဇင်မာ(ကျေးလက်)

ရောဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်၌ နိုဝင်ဘာ ၈ ရက်က မီးလောင်မှုနှင့် မီးလန့်မှုများမဖြစ်ပေါ်စေရေးအတွက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးမင်းအောင်နှင့် တပ်ဖွဲ့ဝင်များ ဘုန်းတော်ကြီးကျောင်းများနှင့် ဌာနဆိုင်ရာရုံးများသို့ သွားရောက်၍ မီးဘေးလုံခြုံရေးကွင်းဆင်းစစ်ဆေးစဉ်။ အောင်သူ(ပြန်/ဆက်)





မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ရုံးဝန်ထမ်းများအား အယ်လ်နီညိုဖြစ်စဉ်အတွက် ကြိုတင်ကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် မီးဘေးလုံခြုံရေးဟောပြောပွဲနှင့် သရုပ်ပြလေ့ကျင့်မှုများကို နိုဝင်ဘာ ၂ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးဆန်းဝင်းနှင့် တပ်ဖွဲ့ဝင်များ ဆောင်ရွက်စဉ်။ ခန့်ဝင်း(ဆင်ပေါင်ဝဲ)



သုံးရေ ချွေတာသုံးစွဲရေး

သစ်ပင်များကို စနစ်တကျ စိုက်ပျိုးထိန်းသိမ်းခြင်းဟာ သဘာဝအတိုင်း ရေကို စုဆောင်းသိုလှောင်ပြီး ချွေတာရာ ရောက်သည့်အတွက် ရေရှည်တည်တံ့နိုင်စေရေး သစ်ပင်များအား စနစ်တကျ စိုက်ပျိုးထိန်းသိမ်းကြပါ။

တပ်ကုန်းမြို့နယ်၌ စိုက်ပျိုးရေးနှင့် ကျေးလက်လမ်းများဖောက်လုပ်နေမှု ကွင်းဆင်းကြည့်ရှု

တပ်ကုန်း နိုဝင်ဘာ ၁၀

နေပြည်တော် ကောင်စီဝင် ဦးအောင်ဇေယျနှင့် တာဝန်ရှိသူများသည် နိုဝင်ဘာ ၈ ရက်က မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် တပ်ကုန်းမြို့နယ် ၂၀၂၆-၂၀၂၇ ခုနှစ် နိုင်ငံစီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မိုးနှောင်းချည်မျှင်ရှည်ဝါစိုက် တောင်သူများအား ချေးငွေပေးအပ်ပွဲသို့ တက်ရောက်ပြီး နေပြည်တော်ကောင်စီဝင်က နိုင်ငံစီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မိုးနှောင်းချည်မျှင်ရှည်ဝါစိုက် တောင်သူများ ရရှိလာသည့် ချေးငွေများကို စိုက်ပျိုးရေးအတွက် အကျိုးရှိစွာ အသုံးချရေး၊ ဓာတ်မြေဩဇာများ အလုံအလောက် အသုံးမပြုရေး ရှင်းလင်းပြောကြားပြီး ကျေးရွာ



ပေါင်း ၁၂ ရွာ၊ တောင်သူပေါင်း ၂၈၅ ဦး၊ ဧကပေါင်း ၇၀၀ အတွက် တစ်ဧကလျှင် ငွေကျပ်သုံးသိန်း နှုန်းဖြင့် လွှဲပြောင်းပေးအပ်ခဲ့သည်။ ထို့နောက် နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများက ညောင်ကိုင်းကျေးရွာ၌ နေပြည်တော်ကောင်စီဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် စာသင်ကျောင်းလမ်း အရှည်ပေ ၁၆၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခုနစ်လက်မရှိ ကွန်ကရစ်လမ်းခင်းကျင်းထားရှိမှုကို ကြည့်ရှုစစ်ဆေးခြင်း၊ ကျောက်စရစ်ကုန်း ကျေးရွာအုပ်စု တောင်သူ ဦးကျော်သင်း၏ Nano နှမ်းစိုက်ခင်း၊ ခရမ်းစပ်ကုန်းကျေးရွာအုပ်စု တောင်သူ ဦးမောင်မောင်နု၏ ပေါ်ဆန်းမွေးစပါးစိုက်ခင်းကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

တင်စိုးလွင်



ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရန်ပုံငွေလွှဲပြောင်း

ကျေးသီး နိုဝင်ဘာ ၁၀

ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းစီမံကိန်း ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲကို ယနေ့ နံနက်ပိုင်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းလွင်နှင့် တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ပြောကြားပြီး စီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၅၀ ကို လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

တောင်တွင်းကြီးမြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေး

တောင်တွင်းကြီး နိုဝင်ဘာ ၁၀

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်၌ အခွန်စနစ်အကြောင်း အသိပညာပေးခြင်းကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဇင်ဦးနှင့် မြို့နယ်အခွန်ဦးစီးမှူး ဦးသိန်းထိုက်ဦးတို့က Monitoring on Taxpayer Registry and Compliance Evaluation System (M-TRACES) ဖြစ်သည့် အခွန်ထမ်းမှတ်ပုံတင်ခြင်းနှင့် ပိုက်နာဆောင်ရွက်မှု စောင့်ကြည့်စစ်ဆေးခြင်းစနစ်ကို အသိပညာပေးရှင်းလင်းသည်။ အဆိုပါအသိပညာပေးရှင်းလင်းပွဲသို့ မြို့နယ်ဌာနဆိုင်ရာများနှင့် အခွန်ထမ်းလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

မြို့နယ်(ပြန်/ဆက်)





မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် မြို့မရဲစခန်းအတွင်းရှိ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား မီးဘေးကြိုတင် ကာကွယ်နိုင်ရန် မြို့နယ်မီးသတ်ဦးစီးဌာနက မီးဘေးအန္တရာယ်ကာကွယ်ရေး အသိပညာပေးခြင်း၊ မီးငြိမ်းသတ်သရုပ်ပြခြင်းကို နိုဝင်ဘာ ၉ ရက်က ကျင်းပရာ မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးသက်ဇော်ထူးက အသိပညာပေးရှင်းလင်းပြီး ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များက လက်တွေ့မီးငြိမ်းသတ် သရုပ်ပြသခဲ့ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းသီဟဇော်၊ မြို့နယ်ရဲတပ်ဖွဲ့ယာယီ ရဲမှူးနှင့် ရဲတပ်ဖွဲ့ဝင်မိသားစုများ၊ မြို့နယ်လျှပ်စစ်၊ မြို့နယ်ဌာနဆိုင်ရာများက ကြည့်ရှုအားပေးစဉ်။

မောင်လွင်(စလင်း)



ကျောင်းကုန်းမြို့နယ် ကျေးရွာသုံးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်း ဆောင်ရွက်ပြီးစီး

ကျောင်းကုန်း နိုဝင်ဘာ ၁၀

ကျောင်းကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေဖြင့် လူသန့်ချောင်းကျေးရွာအုပ်စု၊ ကျဖရဲကျေးရွာ၊ စံပါယ်ရံကျေးရွာအုပ်စု၊ ခြောက်အိမ်တန်းကျေးရွာနှင့် ရောင်ပြစ်ကွင်းကျေးရွာအုပ်စု၊ ပုံးဆိုးကြီးကျေးရွာတို့တွင် ရာသီမရွေးသွားလာနိုင်မည့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်မှုကို ယမန်နေ့က မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဝါဝါမြတ်မွန်နှင့် ဝန်ထမ်းများက ကြည့်ရှုစစ်ဆေးပြီး လမ်းရေရှည် အသုံးပြုနိုင်ရန်အတွက် ပြုပြင်ထိန်းသိမ်းနည်းများကို အကြံပြုပြောကြားသည်။



ထို့နောက် ကျေးရွာသူ ကျေးရွာသားများနှင့်အတူ စီမံကိန်းလုပ်ငန်းများအပေါ် လူထုတွေ့ဆုံပွဲကျင်းပရာ ကျေးရွာသန့်ရှင်းသာယာလှပရေးအတွက် ဌာနနှင့် ကျေးရွာသူ ကျေးရွာသားများ ပူးပေါင်း၍ အမှိုက်ကောက်ခြင်းများ ဆောင်ရွက်ခဲ့သည်။

တေဇာလင်း

ငြင်းချက်ထုတ်ရန်ဆင့်ခေ
(တရားမကျင့်ထုံး၃၀ဒေအမိန့် ၅၅၊ နည်း၃၂ဒေ ၁ နှင့် ၅)
ကျောက်ဆည်ခရိုင်တရားရုံးတော်
၂၀ ၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၂၈
ဦးနေထူးဝင်း နှင့် ၁။ ဒေါ်ဟသာဝင်း
(၎င်း၏အခွင့်ရကိုယ်စားလှယ်
ဦးနေကိုးတာ)
၂။ ဦးအောင်ဇိုးဝင်း
၃။ ဒေါ်သူဇာဝင်း
တရားလို တရားပြိုင်များ
မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့၊ ကြက်မင်းတုန်းရပ်ကွက်၊ မေတ္တာလမ်းသွယ်၊ အမှတ်- ကမတ-၁၂(က)နေအမှတ် (၂)တရားပြိုင် ဦးအောင်ဇိုးဝင်း (၁)ဦးထွန်းဝင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။
သင့်အပေါ်၌ တရားလိုက ကွယ်လွန်သူ ဒေါ်သိမ်ကိုင်း ကျန်ရစ်သည့် အမွေပစ္စည်းများအား စီမံခန့်ခွဲပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်၊ (၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၇ ရက်)မွန်းတည့်မီ (၁၀) နာရီတွင် အထက်အမည်ပါသူ တရားလိုဘက်အဆိုလွှာကို ထူချေရှုင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ဘက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထူချေတင်ပြအဆိုပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင့်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရေနေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။
၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။
ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျန်ုပ်
(မြင့်မြင့်ချစ်ကျော်)
ဒုတိယခရိုင်တရားသူကြီး(၁)
ကျောက်ဆည်ခရိုင်တရားရုံး

ကျွန်းစုမြို့၌ မိုးစပါးစံကွက်များ ရိတ်သိမ်း

ကျွန်းစု နိုဝင်ဘာ ၁၀

ကျွန်းစုမြို့နယ် သန္တာတ်ကျေးရွာရှိ ကွင်းအမှတ်(၃၂၂) တောင်သူ ဦးတင်စိန်၏ မိုးစပါးစိုက်ဧက နှစ်ဧကကို နိုဝင်ဘာ ၈ ရက်က မိုးစပါးစံကွက်ရိတ်သိမ်းရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးအောင်မြင့်ဇော်နှင့် တာဝန်ရှိသူများက မိုးစပါး (ဆင်းသုခ)စံကွက် ရိတ်သိမ်းနေမှုများနှင့် စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများကို ကြည့်ရှုခဲ့ပြီး ရိတ်သိမ်းမှုတွင် တစ်ဧကလျှင် အစိုဓာတ် ၁၄ ဒသမ ၂ ရာခိုင်နှုန်း၊ အထွက်နှုန်း ၁၁၇ တင်း ထွက်ရှိခဲ့သည်။ ထက်မြင့်(ကျွန်းစု)



သက်ဆိုင်သူများ ကန့်ကွက်နိုင်ရန်နှင့် အများသိစေရန်ကြေညာခြင်း
ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄) လူနေရပ်ကွက်အမှတ် (သင်္ဘောကျင်း)၊ မြေကွက်အမှတ် (က/၁၄၆)၊ မြေဧရိယာ (အလျား ၂၅ ပေ x အနံ ၀၀၅၀) ရှိသမြေကွက်ထဲမှ တရားဝင်မဲ့စိတ်ရသေးသော မြေပြဲတွင် မှင်ချိုင့်ချယ်ပြထားသော (အလျား ၁၂ပေခွဲ x အနံ ပေ ၅၀) ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထား သော ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ် သင်္ဘောကျင်း (၅) လမ်း၊ အမှတ် (၁၄၆) ဟု ဒေါ်တွင်းသော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်စုသောဒါဘီ (၁) စန်းစန်း မြင့် (၁၂/ကကတ (နိုင်)၀၀၉၅၅) ထံမှကျွန်ုပ်၏စိတ်ဆွေမှဝယ်ယူရန်အတွက်ရောင်းဝိုင်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ အထက်ဖော်ပြပါ အိမ်နှင့်မြေအား သက်ဆိုင်ရာကနဦးကွက်လိုသည်များရှိပါက ခိုင်လုံသောတရားဝင် စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် ကျွန်ုပ်ထံသို့ဤကြော်ငြာပါသည့် ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါအိမ်နှင့်မြေအရောင်းအဝယ်ကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။
လွှဲအပ်သူနှင့်ကြားခံအရာ-
ဒေါ်တိုးတိုးကျော် (စဉ် - ၈၃၈၇) LL.B, D.B.L
တရားလွှတ်တော်ရှေ့နေ
အမှတ် (၄၆)၊ လမ်း (၁၂၀)၊ ရေတွင်းကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
Phone : 09-5107042

သုံးရေ ချွေတာသုံးစွဲရေး



ခြောက်သွေ့မှု ဒဏ်ခံနိုင်သော အပင်များကို ရွေးချယ်စိုက်ပျိုးပါ။
မိမိတို့စီးပွားရေးဥစ္စာတွင် ရေနည်းနည်းဖြင့်ရှင်သန်နိုင်သော အပင်များကို ရွေးချယ်စိုက်ပျိုးပါ။

အမှတ်တံဆိပ်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းလမ်း၊ အမှတ်-(၄၃) တွင် နေထိုင်သော ဒေါ်ရင်ရင်နွဲ့ (၇/ရတန(နိုင်)၀၇၉၈၁၅)သည် အောက်တွင်ဖော်ပြထားသော အမှတ်တံဆိပ်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာနတွင် လျှောက်ထားခဲ့ရာ မူပိုင်ခွင့်ဦးစီးဌာနမှ Application Number – T/2026/005559 ဖြင့် လျှောက်ထားချက်အား လက်ခံထားသည့် အမှတ်တံဆိပ်၏ မူပိုင်ရှင်ဖြစ်ပါသည်-

Latt Khat Than

လျှောက်လွှာနံပါတ်- T/2026/005559

အထက်ဖော်ပြပါ အမှတ်တံဆိပ် အမည်အမှတ်အသားဖြင့် အရည်အသွေးမြင့် အထည်အလိပ်၊ အဝတ်အထည် ရောင်းချသည့် လုပ်ငန်းအား ရန်ကုန်မြို့အပါအဝင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ရောင်းချသွားမည့်အပြင် မိမိတို့၏ ဝန်ဆောင်မှုလုပ်ငန်းတိုင်းတွင်လည်း လုပ်ငန်းသုံးအမှတ်တံဆိပ်အနေဖြင့်အသုံးပြုလျက်ရှိပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ အမှတ်တံဆိပ်အား မည်သည့်ပုံစံဖြင့်မဆို မှိုင်မြင်းတုပသုံးစွဲခြင်း၊ အမည်စာသားပုံစံတူပြုလုပ်ခြင်း၊ နာမည်တူ/လုပ်ငန်းတူ လုပ်ကိုင်ခြင်း၊ Social Media Platform များတွင် ကူးယူတုပသုံးစွဲခြင်း၊ တစ်နည်းနည်းအားဖြင့် ထင်ယောင် ထင်မှားဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ အသုံးပြုခြင်းမျိုး မပြုလုပ်မဆောင်ရွက်ကြရန် သတိပေးတားမြစ်ပါသည်။ မှိုင်မြင်းတုပသုံးစွဲခဲ့မည်ဆိုပါက တည်ဆဲဥပဒေများနှင့်အညီ လိုအပ်သလို တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်ရင်ရင်နွဲ့၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ဖြူမြတ်သွယ် (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ (စဥ်-၁၂၁၄၅)

ဦးအောင်သူ (LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ (စဥ်-၁၅၉၈၆)

အမှတ်-၅၁၊ သီတာလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊

Ph: 09-444730011, 09-444730022

ပတ်စ်ပို့ပျောက်

ဟိုပုံးမြို့၊ မြို့ဦးကွက်သစ်နေ (ဘ) ဦးယော၏သား ခွန်မောင်သိန်း (၁၃/ဟပန (နိုင်)၁၁၅၀၃၂)၏ နိုင်ငံကူးလက် မှတ်အမှတ် (MJ-768316)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၄၉၁၂၅၈

ပတ်စ်ပို့ပျောက်

တောင်ကြီးမြို့၊ ထီသိမ်ရွေးတောင်နေ (ဘ) ဦးချော်ဖူ၏သား မောင်မျိုးမြင့်အောင် (၁၃/တကန(နိုင်) ၂၄၉၇၅၀) ၏ နိုင်ငံကူးလက်မှတ် အမှတ် (MG-431629) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၆၀၀၉၆၄၂၅

ပတ်စ်ပို့ပျောက်

ပင်လုံမြို့၊ ရပ်ကွက်(၂) နေ (ဘ) ဦးစံပ၏သမီး မနန်းပု(၁၃/လလန(နိုင်)၀၁၆၉၇၄) ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၈၉၉၄၃၉၅၁၇

ပတ်စ်ပို့ပျောက်

တောင်ကြီးမြို့၊ ဘုရားဖြူရပ်ကွက်၊ နယ်မြေ(၅)နေ (ဘ) ဦးတွမ်ရှိရင်၏သား တွမ်လောက်ဟဲ (ခ) စိုးလင်း (၁၃/တကန(နိုင်)၂၉၁၂၈၄)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၄၂၂၅၆၉၈

အများသိရှိနိုင်ပါရန်နှင့် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ ကျောက်တန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် (တပ်ရာကုန်း/နတ်စင်ကုန်း)၊ ဖွံ့ဖြိုးရေးလမ်းမကြီး၊ မြေကွက်အမှတ်(၂၂၇)ဟုခေါ်တွင်သည့် အကျယ်ပေ(၄၀ x ၆၀)ရှိခြံမြေသည် သန်လျင်/ကျောက်တန်း မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ မြေချစလစ်စာရင်းတွင် ရောင်းချသူ ဦးသန်းလွင်(ဘ) ဦးသောင်းဝေ (၁၂/ကတန(နိုင်)၀၀၉၂၇၉) အမည်ဖြင့် မှတ်သားတည်ရှိပြီး အဆိုပါခြံမြေနှင့်ပတ်သက်၍ မိမိတစ်ဦးတည်းကသာ တရားဝင် လက်ရောက်ပိုင်ဆိုင်စီမံပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်အပြည့်အဝရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အဆိုပါခြံမြေအား အပြီးအပိုင် လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သည့် ဦးပိုင်ဟိန်းကျော်(ဘ)ဦးတင်စိုး(၁၂/ဒလန(နိုင်)၀၂၉၂၈၂)မှ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ ရောင်းဝယ်ခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည့်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ ဦးပိုင်ဟိန်းကျော်

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သဲဆုဇာခြည်သိမ့်
LL.B,D.B.L, D.I.L
တရားလွှတ်တော်ရှေ့နေ(စဥ်-၁၄၀၄၆)
အမှတ်(၃၇)၊ T.T.U ရှေ့၊ သန်လျင်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၄၅၉၇၉၁၂၆

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁) ရပ်ကွက်၊ မြို့ဟောင်း(၆) လမ်းရှိ အမှတ်(၅၆၄)၊ (၆) ထပ်တိုက် အဆောက်အအုံ၏ စတုတ္ထထပ်အခန်း(B) (၅ လွှာ၊ ခြေရင်းခန်း)၊ တိုက်မျက်နှာမူလျှင် ညာဘက်ခန်း ၊ အကျယ် အဝန်း (၁၂ ပေ x ပေ၅၀)အကျယ်အဝန်းရှိ တိုက်ခန်းနှင့် ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း နှင့် အရှုပ်အရှင်းကင်းကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဆုရွှေစင်အောင် (၇/ပခန (နိုင်)၃၀၅၇၆၄) ထံ မှ ကျွန်ုပ် ၏ မိတ်ဆွေများ ဦးသက်ပိုင်ကျော် (၁၂/ရပသ(နိုင်)၀၇၈၉၇၃)၊ ဒေါ်သန်းသန်းစိုး (၈/နမန(နိုင်)၁၆၂၉၇၀) တို့က အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ တိုက်ခန်းပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်းမူရင်း အပြည့်အစုံဖြင့် (၇) ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေများ၏ လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်သင်းသင်းထက် (LL.B,D.B.L)
တရားလွှတ်တော်ရှေ့နေ(စဥ် - ၁၁၈၈၅)
တိုက် - (၁၀/၁၂) ၊ အခန်း(၁၀၄/F) ပထမထပ်၊၃၅ လမ်းတို ၊
ကျောက်တံတားမြို့နယ် ၊ ရန်ကုန်တိုင်းဒေသကြီး

တစ်ဦးတည်းဖြစ်ကြောင်း

မင်းဘူးမြို့၊ အမှတ်(၃)ရပ်ကွက်၊ ခတ်တော်ကုန်းရပ်နေ (ဘ) ဦးမင်းမြတ် ၏သား မောင်မင်းသူရအောင် (ခ) မောင်အောင်မင်းဦး ၈/မဘန(နိုင်) ၂၀၀၇၇၃ မှာ အမည်နှစ်မျိုး ဖြစ်သော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း။

မောင်မင်းသူရအောင် (ခ)
မောင်အောင်မင်းဦး

ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ဇရပ်ကြီးကျေးရွာနေ တောင်ငူမြို့၊ အထက(၂) Grade-8တွင် ပညာသင်ကြားနေသော နန်းပပဝတီ၏ ဖခင်အမည်မှန်မှာ ခွန်ဝင်းမြိုင် ၇/ထတပ(နိုင်)၀၅၅၆၄၅ ဖြစ်ပါကြောင်း။

ခွန်ဝင်းမြိုင်

ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ "မဟာ" ကိုယ်ပိုင် အထက်တန်းကျောင်း Grade-9မှ စောဇူလိုင်ဆူး ၏ ဖခင်စောနစ်စေးမီးယား၏ အမည်မှန်မှာ စောနခေးမီးယား ၇/တငန(နိုင်)၁၇၆၅၅၉ ဖြစ်ပါကြောင်း။

စောနခေးမီးယား

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 64W/77934 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်လင်းအောင် ၇/ဖမန(နိုင်)၁၃၉၇၅၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(တောင်ငူ)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 58W/53872, Honda Blade 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ချိုသက်ဝေစိုး ၁၄/မအန(နိုင်) ၂၃၈၈၄၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(ဟင်္သာတ)

အလိမ္မာ စာမှာရှိ

ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3J/6979 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

ဦးအောင်အောင်သက်နှင့် အများသိစေရန်ကြေညာခြင်း

ကျွန်မ ဒေါ်နုနွယ်စိုး (၁၃/တခလ(နိုင်)၀၀၀၁၄၁)ထံမှ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၆)၊ ကွင်း/အကွက်အမှတ်-RA-II/ကွက်ပြင်၊ ဦးပိုင်အမှတ်(၁၅၀)၊ ဧရိယာ(၀.၂၄)ဧကအကျယ်ရှိ မြေနှင့် ယင်းမြေပေါ်မြေအောက် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးအား (၂၈-၇-၂၀၂၆)ရက်တွင် ဦးအောင်အောင်သက် (၈/ရစက(နိုင်)၂၃၀၁၅၆) ဆိုသူမှ "နှစ်ဦးသဘောတူ ဂရန်မြေအပြီးအပိုင် အရောင်းအဝယ် စရန်ပေးကတိစာချုပ်" ချုပ်ဆို၍ ရောင်းကြေး စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေဝယ်ယူခဲ့ပါသည်။ အဆိုပါစာချုပ်တွင် ကျန်ငွေပေးချေမည့်ရက်အား (၂၈- ၉-၂၀၂၆)ရက်တွင် ပေးချေမည်ဟု ဝန်ခံကတိပြုခဲ့သော်လည်း ပေးချေနိုင်ခြင်းမရှိသည့်အတွက် (၈-၁၀-၂၀၂၆)ရက်တွင်လည်းကောင်း၊ (၈-၁၁-၂၀၂၆)ရက်သို့လည်းကောင်း အကြိမ်ကြိမ်ပြောင်းရွှေ့ချိန်းဆို ပေးခဲ့သော်လည်း ပေးချေနိုင်ခြင်းမရှိသည့်အတွက် ဦးအောင်အောင်သက်အနေဖြင့် ပေးချေထားသော စရန်ငွေများ ဆုံးရှုံးသွားပြီဖြစ်ကြောင်းနှင့် အထက်ပါ ခြံမြေနှင့်လည်း ပတ်သက်မှုတစ်စုံတစ်ရာမရှိတော့ကြောင်း ဦးအောင်အောင်သက်နှင့် အများသိစေ ရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ ဒေါ်နုနွယ်စိုး

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးပြည့်ဖြိုးအောင် စဥ်- ၁၇၃၃၀
တရားလွှတ်တော်ရှေ့နေ
ရပ်ကွက်ကြီး(၇)၊ ပြင်ဦးလွင်မြို့။
ဖုန်း-၀၉-၄၀၀၄၄၀၉၁၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
နည်းပညာတက္ကသိုလ်(ရတနာပုံဆိုက်ဘာစီးတီး)
ပါရဂူဘွဲ့သင်တန်းအတွက်သင်တန်းသားများခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနရှိနည်းပညာတက္ကသိုလ်(ရတနာပုံဆိုက်ဘာစီးတီး) တွင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် အတွက် ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ (၁)ရက်တွင် စတင်၍ အောက်ဖော်ပြပါ ပါရဂူဘွဲ့သင်တန်းများကို ဖွင့်လှစ်သင်ကြားမည်ဖြစ်ပါသည်-

(က) သတင်းအချက်အလက်နည်းပညာ

(ခ) အီလက်ထရောနစ်အင်ဂျင်နီယာ

